Translation provided by:
Wyandotte County Infant Toddler Services
Ser Wilson
2016

# KANSAS INFANT-TODDLER SERVICES/CHILDREN AND FAMILY RIGHTS AND KS ITS COMPLAINTS PROCESS

ကင်းဆပ်ပြည်နယ်အသက်-၃-နှစ်အောက်ကာယဉာဏဖွံ့ဖြိုးမှုနှောင့်နေးသော
ခလေးများအတွက်အကျိုးဆောင်လုပ်ငန်းများ
ခလေးနှင့် မိသားစုအခွင့်အရေးများနှင့်
KS ITS မကျေနပ်မှုများကိုတင်ပြရန်နည်းလမ်းအဆင့်ဆင့်(34CFR303-421)
အဘိုးအခများပေးဆောင်မှုစနစ်အတွက်အသိပေးစာ(34CFR303-520)
34CFR303-400 ကျေ ငြာစာတမ်းခေါင်းစဉ်အောက်ရှိအပိုင်းငယ် Subpart E တွင်၊ဒုက္ခိတတစ်ဦးခြင်းပညာရေးအက်ဥပဒေ(IDEA)အရ၊မိသားစုများသိသင့်သိထိုက်သည့်သူတို့၏အခွင့်အရေးများ။

## နိဒါန်း

ဒုက္ခိတ၊တစ်ဦးချင်းပညာရေးအက်ဥပဒေ(IDEA)ဖယ်ဒရယ်အစိုးရဥပဒေဖြစ်ပြီး၊အကူအညီရသင့်သောအသက်သုံးနှစ်အောက်ကာယဉာဏဖွံ့ဖြိုးမှုနှောင့်နေးသောသို့ မဟုတ်ဒုက္ခိတများနှင့်သူတို့၏မိသားစုများ၊အစောပိုင်းပါဝင်ကူညီမှုလုပ်ငန်းများ(EIS)ပါဝင်ပါသည်။ ဤအကူအညီပေးမှုများကို(IDEA)၏အပိုင်း(ဧ)တွင်ပါဝင်ပြီး၊ဖယ်ဒရယ်စည်းမျဉ်းစည်းကမ်းများ(34CFR Part 303-400)တွင်ဖေါ်ပြထားပါသည်။စာဖတ်သူများသီးသန့် တိကျသောဝေါဟာရကိုးကားနိုင်ရန်၊ဥပဒေသ၏ရည်ညွှန်းချက်များကိုပေးထားပါသည်။

ကင်းဆပ်ပြည်နယ်တွင်အပိုင်း(ဧ)စနစ်ကို Kansas Infant-Toddler Services(KS ITS)ဟုခေါ်ဝေါ်ပါသည်။ (KS ITS)သည်ကင်းဆပ်ပြည်နယ်ကျန်းမာခြင်းနှင့်ပတ်ဝန်းကျင်(KDHE)၏အစီအစဉ်တခုဖြစ်ပါသည်။ဒေသဆိုင်ရာအစီအစဉ်များကိုဒေသဆိုင်ရာ TINY-K အစီအစဉ်များဟုခေါ်ဝေါ်သမုတ်ပါသည်။

ဤစနစ်သည်မိသားစုဝင်များပိုမိုပါဝင်လုပ်ဆောင်မှုနှင့်အစောပိုင်းပါဝင်အကူအညီပေးမှုအဆင့်ဆင့်တွင်မိဘများ၏ခွင့်ပြုချက်ကိုတဆင့်ချင်းရယူရမည်ဖြစ်ပြီး၊KS ITS မှလွှဲပြောင်းရယူအကူအညီစတင်ပေးသောအချိန်မှစ၍အသက်သုံးနှစ်ပြည့်ပြီးတဆင့်အပြောင်းအလဲလုပ်သည့်အထိအကူအညီပေးပါသည်။ဤခလေးနှင့်မိသားစုအခွင့်အခွင့်အရေးစာရွက်စာတမ်းများသည်၊ဖယ်ဒရယ်စည်းကမ်းမျည်းဥပဒေအပိုင်း(ဧ)တွင်ဖေါ်ပြသည့်ခလေးများနှင့်မိသားစုများအားအကာအကွယ်ပေးသည့်အဆင့်ဆင့်အကာအကွယ်များဖြစ်ကြောင်းတရားဝင်အသိပေးသည့်စာရွက်စာတမ်းများဖြစ်ပါသည်။

ခလေး/မိသားစုအခွင့်အရေးနှင့် အကာအကွယ်များအကြောင်းအရာများကို၊ဒေသဆိုင်ရာ Tiny-K အစီအစဉ်များတွင်ရရှိနိုင်ပါသည်၊သို့ မဟုတ် KS ITS, Family Together, Inc.(မိသားစုများအတူတကွအဖွဲ့ )ကိုစိုးရိမ်ပူပန်မှုရှိသောမိဘများ/မိသားစုများအားကိုယ်စားပြုအကူအညီပေးရန်အတွက်ငှါးရမ်းထားပါသည်။

Families Together အဖွဲ့ သည်ကင်းဆပ်ပြည်နယ်အတွက်နှင့်မိဘများအားသင်တန်းပေးရန်ဗဟိုရ်သီတင်းဌါနဖြစ်ပါသည်။မိဘများအားသင်တန်းပေးခြင်းနှင့်ဗဟိုရ်သီတင်းဌါနအဖွဲ့ သည်ဒုက္ခိတသည်ခလေးများ၏မိဘများအားအကူအညီပေးပြီး၊သူတို့၏ခလေးများအားအကူအညီပေးမှုနှင့်ခလေးများ၏ပညာရေးတွင်ခလေးများ၏ကူညီဖေါ်ကူညီဖက်များအဖြစ်ပါဝင်စေပါသည်။

Family Together, Inc.အဖွဲ့ ၏လုပ်ငန်းသည်၊လုပ်ဆောင်မှုစနစ်ကိုမိသားစုများသင်ကြားရာ၌အားပေး၊ပညာပေး၊ခွန်အားပေးပြီးသူတို့၏သားသမီးများအားအကူအညီများနှင့်လိုအပ်သည့်အရာများကိုရရှိစေပါသည်။ အောက်ပါဆက်သွယ်ရေးနည်းလမ်းများဖြင့် Family Together,Inc.အဖွဲ့ အစည်းကိုဆက်သွယ်နိုင်ပါသည်။

Families Together,Inc.
Parent training and information Center(PTI):
Topeka 1-800-264-6343
Wichita 1-888-815-6364
Garden City 1-888-820-6364 Kansas City 1-877-499-5369 http:www.familiestogetherinc.org/

## လုံခြုံမှုအကာအကွယ်အဆင့်ဆင့်ကိုခြုံငုံသုံးသပ်ခြင်း။

ဒေသခံ Tiny-K စီမံခန့်ခွဲမှုအရာရှိများသည်၊ဥပဒေအပိုင်း(ဂ) အရမိသားစုများအနေဖြင့်၊မိမိတို့၏အခွင့်အရေးနှင့် လုံခြုံမှုအကာအကွယ်များကိုပိုမိုနားလည်သဘောပေါက်ရန်ထပ်ဆင့်ပြီးစာပေစာအုပ်၊စာရွက်စာတမ်းများကိုအကြံပြုဖတ်ရှုစေနိုင်ပါသည်။သူတို့သည်သင်၏ခလေးအားလိုရာဖွံ့ဖြိုးမှုပန်းတိုင်ကိုရောက်နိုင်ရန်သင်နှင့်သင်၏မိသားစုဝင်များသည်၊ဒေသခံဆရာ/ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ကြရန်အကြံဉာဏ်ပြုနိုင်ပါသည်။

ကင်းဆပ်ပြည်နယ်တွင်၊ မိဘဖြစ်သောသင်သည်အောက်ပါမိသားစုအခွင့်အရေးများရှိပါသည်။

- များစွာသောစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ၊ပိုင်းဖြတ်ဝေဖန်ဆုံးဖြတ်မှု၊စီစစ်ဝေဖန်သုံးသပ်မှုနှင့်(အကူအညီရသင့်သည်ဟုဆုံးဖြတ်ပါက)လွှဲအပ်ခြင်းပြုလုပ်သည့်နေ့မှ - ၄၅ - ရက်အတွင်းမိသားစုတစုချင်းတိုးတက်ဖွံ့ဖြိုးမှုအစီအစဉ်ကိုစတင်ဆောင်ရွက်ရန်အခွင့်အရေး၊

စစ်ဆေးမေးမြန်း၊ပိုင်းခြားဝေဖန်၊စီစစ်သုံးသပ်မှုအခွင့်အရေးနှင့်အကူအညီရသင့်ပါက၊IFSP ဖွံ့ဖြိုးရေးတွက်ပူးပေါင်းကူညီမှုနှင့်အများပြည်သူအကုန်အကျဖြင့်၊လုံခြုံမှုအကာအကွယ်များရရှိရန်အခွင့်အရေး၊

အပိုင်း(ဂ)အရအကူအညီရသင့်ပါလျှင်၊ခလေးနှင့်မိသားစုအတွက်သင့်တော်သည့်အစောပိုင်းအကူအညီကို IFSP ထဲ၌ဖေါ်ပြသည့်ရရှိနိုင်သည့်အခွင့်အရေး၊

အစောပိုင်းပါဝင်ကူညီမှုများသည်၊မိသားစုများအတွက်၊အဘိုးအခမဲ့ဖြစ်ပါသည်။သို့ပင်သော်ငြားလည်း၊ မိဘကအခွင့်ပေးလျှင်၊ပုဂ္ဂလိကအင်းရှုံးရဲန့်စ်(ကျန်းမာရေးအာမခံ)ကိုကုန်ကျခများကို ပြန်လည်တောင်းခံမည်ဖြစ်ပါသည်။ အများပြည်သူအင်းရှုံးရဲန့်စ်ကိုကုန်ကျစရိတ်တောင်းခံရန်ရည်ရွယ်ပါလျှင်၊သင့်အားအသိပေးရမည့်အခွင့်အရေး၊

IFSPသည်သင်၏ခလေးနှင့်မိသားစုအားIFSPအစီအစဉ်၌ဖေါ်ပြသောပန်းတိုင်ရလဒ်များနှင့်ပြည့်မီရန်၊တိကျသောလုပ်ဆောင်မှုများကိုသင့်အားအသိပေးပြောကြားရမည့်အခွင့်အရေး၊

သင်၏ခလေးသက်သေအထောက်အထား၊ အပြောင်းအလဲအတွက်အကြံပြုချက်၊စီစစ်ဆုံးဖြတ်ခြင်း၊သို့မဟုတ်ခလေးအားနေရာချထားခြင်း၊သို့မဟုတ်သင်၏ခလေးနှင့်သင့်မိသားစုအားအစောပိုင်းပါဝင်ကူညီမှုများကိုပြုလုပ်ဆုံးဖြတ်မည့်အစည်းအဝေး၌တက်ရောက်ပါဝင်နိုင်သည့်အခွင့်အရေး။

အပြောင်းအလဲအတွက်အကြံမပြုမီ၊သို့မဟုတ်အထောက်အထားသီတင်းအချက်အလက်များကိုငြင်းပယ်ခြင်း၊စီစစ်ဆုံးဖြတ်မှု၊သို့မဟုတ်သင်၏ခလေးအားနေရာချမှု၊သင်၏ခလေးနှင့်သင်၏မိသားစုအားသင့်တော်သောအစောပိုင်းပါဝင်ကူညီမှုများကိုမပြုမီစာအားဖြင့်အသိပေးခံရမည့်အခွင့်အရေး၊

သဘာဝပတ်ဝန်းကျင်အခြေအနေများ၌သင့်တော်သောခလေးတဦးစီ၏ဖွံ့ဖြိုးမှုလိုအပ်ချက်များပြည့်ဝသည့်အထိအစောပိုင်းပါဝင်ကူညီမှုများကိုရနိုင်သည့်အခွင့်အရေး၊

ပုဂ္ဂလိကကိုယ်ရေးကိုယ်တာသက်သေအထောက်အထားသီတင်းများကို လျှို့ဝှက်ထားပိုင်သည့်အခွင့်အရေး၊

စစ်ဆေးကြည့်ရှုမှုအခွင့်အရေးနှင့်သင့်တော်လိုအပ်ပါကခလေးနှင့်မိသားစုမှတ်တမ်းများကိုပြုပြင်ပြောင်းလဲနိုင်သည့်အခွင့်အရေး၊

အဘိုးအခမဲ့သင့်ခလေး၏ဦးစွာပဌမမှတ်တမ်းများရရှိနိုင်သည့်အခွင့်အရေး၊

မကျေနပ်မှုကိုတင်လျှောက်နိုင်သည့်အခွင့်အရေးနှင့်

မိဘ/ကုသသူသဘောကွဲလွဲမှုကိုစေ့စပ်နိုင်ရန်၊ကြားဖြန်ဖြေရှင်းမှု၊သို့မဟုတ်ဘက်မလိုက်သောကြားနာဖြေရှင်းခြင်းကိုတောင်းဆိုနိုင်သည့်အခွင့်အရေး။ ဤကိစ္စနှင့်ပတ်သက်သည့်လျှောက်လွှာများဤစာအုပ်၏အဆုံး၌တွေ့ရှိနိုင်ပါသည်။

အဆင့်ဆင့်လုံခြုံမှုအကာအကွယ်များသည်၊KS ITS သို့လွှဲပြောင်းပေးအပ်သည့်အချိန်မှစပြီး၊မှတ်တမ်းများထားရှိသမျှကာလပတ်လုံးအကျုံးဝင်ပါသည်။

Rights Defined (အခွင့်အရေးများအကြောင်း ရှင်းလင်းထုတ်ပြန်ချက်)

အပိုင်း(ဂ)သို့ လွှဲပြောင်းခံရသည့်ခလေးများနှင့်မိသားစုများသည်အပိုင်း(ဂ)အတွင်းရှိအဆင့်ဆင့်လုံခြုံမှုအကာအကွယ်များနှင့်ပတ်သက်၍အသိပေးခံရမည့်အခွင့်အရေးရှိပါသည်။၎င်းအခွင့်အရေးများကိုနားလည်သဘောပေါက်ရန်အကူအညီလိုအပ်ပါကဒေသခံ Tiny-K Family Services စီမံခန့် ခွဲရေးမှူးကိုသော်၎င်း၊မိသားစုများအတူတကွအဖွဲ့ အား၎င်းကြော်ငြာစာတမ်း၏နောက်ကြောမှာပါရှိသောဖုံးနံပါတ်ကိုခေါ်ပြီးမေးမြန်းနိုင်ပါသည်

ကြိုတင်ရေးသားသောအသိပေးစာ 34 CFR 303 – 421

ကြိုတင်ပြီးရေးသားသောအသိပေးစာကို tiny-k program က အကြံအပြုမီသို့မဟုတ်သင့်ခလေးနှင့်သင့်မိသားစုအတွက်အစီအစဉ်မစမီ၊ကိုယ်ရေးရာဇဝင်မှတ်တမ်းများပြောင်းလဲခြင်းမပြုလုပ်မီ၊စီစစ်ဝေဖန်သုံးသပ်ဆုံးဖြတ်ခြင်း သို့မဟုတ်သင့်ခလေးအားနေရာချခြင်း၊အကူအညီပေးခြင်း၊ဦးစွာပဋ္ဌမအကူအညီမပေးမီ ၁၀ ရက် ကြိုပြီးသင့်အားပေးရမည်ဖြစ်ပါသည်။ ၁၀ ဂက် ကြိုပေးရမည့်အသိပေးစာကိုပလပ်လိုပါကပလပ်ထားနိုင်ပါသည်။အသိပေးစာတွင်အောက်ပါအချက်အလက်များတို့ ၏အသေးစိတ်ကိုသင့်အားအသိပေးရမည်ဖြစ်ပါသည်။

အစောပိုင်းပါဝင်ကူညီမှုလုပ်ငန်းကန်ထရိုက် သို့မဟုတ်အစောဆုံးပါဝင်ကူညီမှုအတွက်အကူအညီပေးသောသူ၏အရေးယူမှုကိုအကြံပြုခြင်းသို့ မဟုတ်ပယ်ချခြင်း၊

အရေးယူမှုအတွက်အကြောင်းရင်းများ၊

အပိုင်း(ဂ)အထဲတွင်ရရှိနိုင်သောအဆင့်ဆင့်လုံခြုံမှုအကာအကွယ်များနှင့်

မကျေနပ်မှုကိုမည်ကဲ့သို့တိုင်ချက်ဖွင့်ရမည်၊တိုင်ချက်ဖွင့်နိုင်သည့်နည်းလမ်းများနှင့်ကာလအပိုင်းအခြားများပါဝင်သည့်ပြည်နယ်၏တိုင်ကြားချက်ဖွင့်ရန်နည်းလမ်းအဆင့်ဆင့်၊

ရှင်းလင်းပြတ်သားစွာအသိပေးရန်မဖြစ်နိုင်ပါက၊အကြောင်းကြားစာကိုအများပြည်သူများနားလည်သောဘာသာစကားဖြင့်ရေးသားရမည်၊သင်၏ဘာသာစကားဖြင့်ရေးသားအသိပေးရမည်။သင်၏ဘာသာစကားဆိုသည်မှာသင်၏ရိုးရာဘာသာစကားသို့ မဟုတ်သင်နှင့်သင်၏ခလေးတို့ ၏သာမာန်အားဖြင့်နေ့ စဉ်အသုံးပြုသောဘာသာစကားဖြစ်သည်။

အစောပိုင်းအကူအညီပေးသူတဦးစီသည်မိဘနှင့်ခလေးစောင့်ရှောက်သူတိုအားသူတို့ ၏ဘာသာစကားဖြင့်အသိပေးစာရွက်စာတမ်းများရှိကြောင်းအသိပေးရမည်။

သင်၏ဘာသာစကားဖြင့်သို့ မဟုတ်အခြားဆက်သွယ်ရေးနည်းလမ်းသည်စာနှင့်ရေးသားသောဘာသာစကားမဟုတ်လျှင်ဒေသခံtiny –k program(ခလေးငယ်အစီအစဉ်)အောက်ပါအချက်အလက်များကိုသေချာစေရန်ခြေလှမ်းယူလုပ်ဆောင်ရပါမည်။

အသိပေးစာကိုနှုတ်အားဖြင့်ဘာသာပြန်ခြင်းသို့ မဟုတ်သင့်အားသင့်စကားဖြင့်သို့ မဟုတ်အခြားသောဆက်သွယ်ရေးနည်းလမ်းဖြင့်

သင်သည်အသိပေးအကြောင်းကြားစာကိုနားလည်ရန်ပြုလုပ်ပေးရပါမည်။

အစီအစဉ်တွင်ဖေါ်ပြသည့်လိုအပ်ချက်များနှင့်ပြည့်ဝကြောင်းစာနှင့်ရေးသားသောအထောက်အထားများရှိပြီး၊သင်သည်နားပင်း၊မျက်စိမမြင်၊စာမတတ်သို့ မဟုတ်ရေးသားနိုင်သောဘာသာစကားမရှိလျှင်၊အသိပေးစာသည်(အမူအရာ၊မျက်မမြင်စာ၊နှုတ်အားဖြင့်ပြောဆိုခြင်း) ကဲ့သို့ သောသင်သုံးလေ့ရှိသောနည်းလမ်းကိုအသုံးပြုအသိပေးရပါမည်။

မိဘသဘောတူခွင့်ပြုချက် 34. CFR 303.420

KS ITS tiny-k အစီအစဉ်အားဖြင့်၊သင်၏ခလေးနှင့်မိသားစုကိုအကူအညီပေးရန်၊သင်၏သဘောတူခွင့်ပြုချက်ကိုရယူရမည်ဖြစ်သည်။သင်၏သဘောတူခွင့်ပြုချက်သည်စာအားဖြင့်သာဖြစ်ရမည်။မိဘသဘောတူခွင့်ပြုချက်ကိုအောက်ပါလုပ်ဆောင်ချက်များကိုအပြုလုပ်မီ၊ ရယူရမည်ဖြစ်သည်။

- စစ်ဆေးမေးမြန်းစီစစ်ခြင်း
- ဝေဖန်သုံးသပ်ခြင်းနှင့်ခွဲခြားပိုင်းဖြတ်ခြင်း
- အစောပိုင်းပါဝင်အကူအညီများပေးခြင်း

- ပုဂ္ဂလိက အင်းရှုးရဲန်စ်(Insurance-ကျန်းမာရေးအာမခံ) မှအဘိုးအခတောင်းဆိုခြင်း
- ဖယ်ဒရယ်နှင့်ပြည်နယ်ဥပဒေ(34 CFR 303-414)နှင့်အညီ၊ အပိုင်း(ဂ)အရ၊အေဂျင်စီများအချင်းချင်း
- ပုဂ္ဂိုလ်ရေးရာအထောက်အထားများကိုဝေငှဖလှယ်ခြင်း။

လိုက်လျောသဘောတူသည်ဆိုသည်မှာ

သဘောတူ ညီချက်ရယူသောလုပ်ရပ်များနှင့်ပတ်သက်၍သင့်အားစုံလင်စွာအသိပေးသည်၊၎ှင်းသိတင်းအချက်အလက်များကိုသင့်အားဘာသာစကားအားဖြင့်သို့မဟုတ်အခြားနားလည်နိုင်သည့်ဆက်ဆံရေးနည်းလမ်းအားဖြင့်အသိပေးသည်။

သင်၏သဘောတူညီချက်ရယူသည့်လုပ်ရပ်မှာ၊လုပ်ငန်းအကောင်အထည်ဖေါ်ရန်၊နားလည်သဘောပေါက်ပြီးစာပေအားဖြင့်သဘောတူညီမှုကိုရေးသားထားသည်။

သဘောတူညီချက်မှာ၊လုပ်ရပ်များနှင့်မှတ်တမ်းမှတ်ရာများ(ရှိခဲ့ လျှင်)ထုတ်ပြန်ကျေငြာမည်၊မည်သူမည်ဝါကိုအသိပေးမည်၊

သိထားရန်မှာသဘောတူညီချက်ကိုကိုယ့်ဆန္ဒအရလွှတ်လပ်စွာပေးပြီးအချိန်မရွေးပြန်လည်ရုတ်သိမ်းနိုင်သည်။

သင်သဘောတူညီချက်မပေးလျှင်၊ဒေသခံ Tiny-k အစီအစဉ်သို့ မဟုတ်သင့်တော်သောအရည်အချင်းရှိသည့်အဖွဲ့ ဝင်တဦးကကြိုးစားပြီးသင့်အားပို၍သေချာစွာနားလည်ရန်အသိပေးပါမည်။

သင်သည်စီစစ်လေ့လာခြင်းနှင့်ပိုင်းခြားဝေဖန်ခြင်းသို့မဟုတ်အစောပိုင်းရနိုင်သည့်အကူအညီများတို့ ၏သဘောသဘာဝကိုကောင်းမွန်ပြည့်ဝစွာနားလည်ပါသလား

သိနားလည်ထားရန်မှာသင်၏သဘောတူညီချက်မရရှိလျှင်စီစစ်လေ့လာခြင်း၊ပိုင်းခြားဝေဖန်သုံးသပ်ခြင်းခလေး၏ဘဝအစောပိုင်းအကူအညီများပေးခြင်းကိုမပြုလုပ်နိုင်ပါ။

သိနားလည်ထားရန်မှာ၊ဒေသခံ  tiny-k(ဝါ) KSITS အဖွဲ့ အနေနှင့်သင်၏သဘောတူညီမှုကို၊ကြားနာစစ်ဆေးသည့်အစီအစဉ်များကိုမပြုလုပ်နိုင်ပါ။

စီစစ်လေ့လာပိုင်းခြားဝေဖန်မှုကိုပြုလုပ်ရန်၊သဘောမတူငြင်းဆန်မှုတွင်ပေ့ါလျော့မှုသို့ မဟုတ်မှန်ကန်မှုမရှိလျှင်၊ကင်းဆပ်ပြည်နယ်ဥပဒေအရသင့်တော်သလိုအရေးယူနိုင်ပါသည်။

အပိုင်း(ဇ)အောက်ရှိအကူအညီရနိုင်သောခလေး၏မိဘအနေဖြင့်၊သင်၏မွေးစမှအသက်သုံးနှစ်ထိခလေးသို့မဟုတ်အခြားမိသားစုဝင်များသည်၊၎ှင်းအစီအစဉ်အရ၊အစောပိုင်းပါဝင်ကူညီမှုများကိုလက်ခံမည်ငြင်းပယ်မည်ကိုဆုံးဖြတ်ရပါမည်။အရင်လက်ခံပြီးသောအကူအညီကိုလည်းပယ်ဖျက်နိုင်ပါသည်။ KSITSအစီအစဉ်အရအခြားသောအစောပိုင်းပါဝင်ကူညီမှုများကိုထိခိုက်ခြင်းရှိမည်မဟုတ်ပါ

## မိသားစုများအတွက်အဘိုးအခပေးမှုစနစ်လမ်းညွှန်

အစောပိုင်းပါဝင်ကူညီမှုများအတွက်မိဘများအနေဖြင့်အကုန်အကျမရှိပါ။ခလေးများအနေနှင့်အကူအညီရမှုသေချာစေရန်၊ EI၏အကူအညီများအတွက်အခြားထောက်ပံ့ရေးအစီအစဉ်များမှရယူပါသည်။၎ှင်းအထဲတွင်၊အစိုးရ၊ပြယ်နယ်၊ဒေသခံရံပုံငွေ၊ပုဂ္ဂလိကနှင့်အများပြည်သူ၊ကျန်းမာရေးအာမခံအစီအစဉ်များလည်းပါဝင်ပါသည်။

ခလေးတဦးအနေနှင့်ဒေသခံ tiny-kအစီအစဉ်အတွက်အကူအညီရသင့်သည်ဟုဆုံးဖြတ်လျှင်၊မိဘများအနေဖြင့်၊မည်သည့်အကူအညီများရနိုင်မည်၊မည်ကဲ့သို့ရနိုင်မည်သိနိုင်ရန်၊ မိသားစုတစုချင်းအကူအညီပေးမှုအစီအစဉ်တွင်ပါဝင်ပြီး၊မိသားစုတစုခြင်းကိုအခြေခံပြီး EI ၏အကူအညီများကိုမည်သည့်အစီအစဉ်များဖြင့် EI ၏လုပ်ငန်းအားပြန်လည်ပံ့ပိုးနိုင်သည်ဆိုသည်ကို၊ဆုံးဖြတ်ရပါမည်။ခလေးတဦးစီသည်မိသားစုအကူအညီအတွက်ကြီးကြပ်စီမံသူတဦး(သင်၏ခလေးအကူအညီရရှိမှုတွက်သင့်အားအကူအညီပေးသူ)ရှိပါသည်သူသည်သင့်ခလေး၏မိသားစုတစုချင်းအကူအညီကိုပြန်လည်ပံ့ပိုးမှုအတွက်သင့်တော်သောပံ့ပိုးမှုလုပ်ငန်းများမှရရှိရေးသေချာစေရန်၊ပြုလုပ်စီမံပါသည်။ပံ့ပိုးမှုအဖွဲ့ အစည်းများကိုအစဉ်အလိုက်ပြန်လည်ပံ့ပိုးမှုအတွက်အပိုင်း(ဇ)တွင်ပါဝင်သောဖယ်ဒရယ်ဥပဒေအရ"နောက်ဆုံးအခြားပံ့ပိုးမှုမရှိတော့မှသာအစိုးရသည်ပေးဆောင်မည်"ဆိုသည့်အပေါ်တွင်မူတည်ပါသည်။ဆိုလိုသည်မှာအခြားပံ့ပိုးသည့်အဖွဲ့ အစည်းနည်းလမ်းများမရှိမှသာပံ့ပိုးမည်ဟုဆိုလိုပါသည်။

# Kansas Infant-Toddler Services No cost protections for families

အပိုင်း(ဂ)မသန်မစွမ်းသူပညာရေးအက်ဥပဒေအရ၊ကင်းဆပ်တွင်၊မွေးစမှသုံးနှစ်ထိအကူအညီပေးမှုများသည်ဒေသခံTiny-k အစီအစဉ်မှတဆင့်မိဘများအား EI အကူအညီပံ့ပိုးမှုအတွက်၊အောက်ပါကုန်ကျမှုမှကာကွယ်တားဆီးမှုများကိုအသိပေးအကြောင်းကြားရပါမည်။

မိဘများ၏ပုဂ္ဂလိကအင်းရှုံးရဲန်စ်ကိုပြန်လည်ပန့်ပိုးငွေတောင်းရန်ဒေသခံ၊ Tiny-k အစီအစဉ်အရ၊မိဘများထံမှကြိုတင်သဘောတူညီချက်ကိုရယူရပါမည်။Medicaid ကိုကုန်ကျစရိတ်တောင်းခံလိုလျှင်မိဘများကိုကြိုတင်အသိပေးရပါမည်။

Medicaid ကိုကုန်ကျစရိတ်တောင်းလျှင် Medicaid ကိုတောင်းရန်အတွက် Medicaid နှင့် မိသားစု၏သီတင်းအချက်အလက်များကို၊ဝေငှဖလှယ်ရန်၊သဘောတူညီချက်ကိုစာအားဖြင့်မိဘများအားပေးရပါမည်။

ဒေသခံ Tiny-k အစီအစဉ် EI ၏အစောပိုင်းပါဝင်ကူညီမှုကိုရပ်ဆိုင်းရန် Medicaid သို့မဟုတ်ပုဂ္ဂလိကကျန်းမာရေးအာမခံကိုလျှောက်ရန်၊မလိုအပ်ပါ

EI အကူအညီများ၊မိဘများသဘောတူထားသည့်မိသားစုတစုချင်းအကူအညီပေးခြင်းအစီအစဉ်မှာဖေါ်ပြသည့်အတိုင်း၊ပုဂ္ဂလိကကျန်းမာခြင်းအာမခံကိုကုန်ကျစရိတ်တောင်းရန်၊သို့ မဟုတ် Medicaid နှင့်မိသားစုသီတင်းအချက်အလက်များဝေငှဖလှယ်ရန်ငြင်းဆန်ပါလျှင်၊အကူအညီပေးခြင်းကိုမရပ်ဆိုင်းနိုင်ပါ။

ဒေသခံ Tiny-k programအဖွဲ့ အား၊ကျန်းမာရေးအာမခံအဖွဲ့ ကိုကုန်ကျစရိတ်တောင်းခံရန်ရည်ရွယ်ချက်ဖြင့် တင်ပြမည့်သီတင်းအထောက်အထားဖြစ်သည့်(အမည်၊မွေးနေ့ ၊ပေါ်လစီနံပါတ်နှင့်လိပ်စာ) ကိုအသုံးပြုရန်မိဘများထံမှစာအားဖြင့်သဘောတူညီချက်ကိုကြိုတင်ရယူရမည်ဖြစ်သည်။

မိဘများသဘောတူညီချက်ရုတ်သိမ်းပိုင်ခွင့်နှင့်ခလေး၏သီတင်းအချက်အလက်များကိုအသုံးပြုရန်ကန့်ကွက်သည့်တိုင်၊မိသားစုတစုခြင်းကူညီသည့်အစီအစဉ်အရ၊အကူအညီရသောခလေး၏အခွင့်အရေးကိုထိခိုက်မည်မဟုတ်ပါ။

မိဘများ၏ပုဂ္ဂလိကကျန်းမာခြင်းအာမခံကိုကုန်ကျစရိတ်တောင်းခံခြင်းသည်ပေးဆောင်ရမည့်ပရီမီယံကိုပိုပြီးများလာစေနိုင်ပါသည်။ပေါ်လစီ၏တသက်စာအမြင့်ဆုံးထိပ်ပိတ်သတ်မှတ်ချက်ကိုလည်းပြောင်းလဲစေနိုင်ပါသည်။ EI ၏အကူအညီအတွက်၊မိသားစုကုန်ကျစရိတ်လုံးဝမရှိသည့်အတွက်၊ကံယံကံရှင်ပေးဆောင်ရမည့်ဝေစုပေးဆောင်မှုကိုဒေသခံ Tiny-k program မှပြန်လည်ဖြည့်စည်းပေးနိုင်ပါသည်

ဒေသခံ Tiny-k ၏ မိသားစုတစုခြင်းအကူအညီပေးခြင်းအစီအစဉ်အရ၊အစောပိုင်းပါဝင်ကူညီမှုများအတွက်ကုန်ကျစရိတ်ကိုပုဂ္ဂလိကကျန်းမာခြင်းအာမခံမှပြန်လည်တောင်းရန်ရည်ရွယ်လျှင်၊မိဘများ၏သဘောတူညီချက်ကိုရယူရပါမည်။အကူအညီပေးမှုအနည်းအများ၊ရေတိုရေရှည်ကြာမြင့်ချိန်၊အကူအညီပေးမှုအခက်အခဲအနည်းအများအပေါ်မူတည်ပြီး၊ပုဂ္ဂလိကျန်းမာခြင်းအာမခံကိုကုန်ကျစရိတ်တောင်းခံသည့်အခါတိုင်း၊မိဘသဘောတူညီချက်ကိုရယူရပါမည်။မိဘများသည်၊ပုဂ္ဂလိကကျန်းမာခြင်းအာမခံအတွက်၊ပရီမီယံပေးဆောင်ရန်တာဝန်ရှိသော်လည်း၊ဝေစုပေးဆောင်မှုနှင့်ကိုယ့်အိပ်ထဲမှပေးဆောင်ရမည့်ဝေစုကိုပေးဆောင်စရာမလိုပါ။

သင်၏မိသားစုသည်၊ကူညီခပေးရန်မလိုအပ်သည့်အတွက်၊ Tiny-k Program သို့ သင်၏ဝင်ငွေမည်မျှရှိသည်ကိုအသိပေးစရာမလိုပါ။

ပုဂ္ဂလိကကျန်းမာခြင်းအာအခံကိုအသုံးပြုခြင်းသည်အခြားသောထောက်ပံ့ရေးအစီအစဉ်များ(ဥပမာ Medicaid,CHAMPUS,Children and youth special healthcare needs)ကိုရွေးချယ်အသုံးပြုရန်အခွင့်အလမ်းကိုပေါ်ပေါက်စေပါသည်။

EI အကူအညီများအတွက်၊မည်ကဲ့သို့ပေးချေပါသနည်း၊
ကင်းဆပ်ပြည်နယ်တွင်၊ EI အကူသအညီများအတွက်၊အဘိုးအခပေးချေရန်နည်းလမ်းများစွာရှိပါသည်။ဒေသခံပန့်ပိုးမှုများကိုအသုံးပြုပြီးမှသာ၊အစိုးရ၏ဥပဒေအပိုင်း(ဂ)ရှိရံပုံငွေများကိုအသုံးပြုနိုင်ပါသည်။(အခြားနည်းလမ်းမရှိမှနောက်ဆုံးပေးချေသူ)ဟုအများကသိထားကြပါသည်။အောက်ပါအစီအစဉ်များသည်၊ကင်းဆပ်ပြည်နယ်တွင် EI ၏လုပ်ငန်းကုန်ကျစရိတ်များအတွက်ပြန်လည်ပံ့ပိုးပေးပါသည်။

ခလေးများ၏ရှေ့ဆောင်းလမ်းညွှန်မှုရံပုံငွေ၊(CIF)ပြည်နယ်တခုလုံးအတွက်၊ပံ့ပိုးငွေအကူအညီ၊ EI အမှုဆောင်များအတွက်လစာပေးပါသည်။

အခန်းကဏ္ဍအလိုက်အကူအညီဟုအသိများသည့်ပြည်နယ်အထူးပညာရေးရံပုံငွေမှဒေသခံ Tiny-k အစီအစဉ်သည်ကုန်ကျစရိတ်ကိုပြန်လည်ပံ့ပိုးရန်တင်ပြနိုင်ပါသည်။

အထက်ပါအကူအညီပေးမှုများအတွက်ပုဂ္ဂလိကကျန်းမာခြင်းအာမခံထံမှပြန်လည်တောင်းခံနိုင်ပါသည်။ Medicaid ထံမှလည်းကုန်ကျစရိတ်ပြန်လည်တောင်းခံနိုင်ပါသည်။

Tiny-k အစီအစဉ်တချို့ အတွက်၊ County Mil Levy Funds မှတဆင့်မည်သည့်ရံပုံငွေအကူအညီရနိုင်သည်ကိုသိရှိနိုင်ပါသည်။

Tiny-k အစီအစဉ်တချို့ အတွက်ကုန်ကျစရိတ်ကို CIF ထောက်ပံ့ကြေးအစီအစဉ်မှတဆင့်အခြားသောရံပုံငွေအစီအစဉ်များကိုလျှောက်တင်နိုင်ပါသည်။

ဒေသခံ Tiny-k အစီအစဉ်တချို့ အတွက်၊United Way Funding နှင့်အခြားဒေသခံရံပုံငွေထောက်ပံ့ရေးအဖွဲ့ အစည်းများကိုအသုံးပြုနိုင်ပါသည်။

မိဘတဦးအနေဖြင့်၊ပေးချေမှုနည်းစနစ်ကိုမနစ်မြို့ ၍ငြင်းခုံမှုပြုလုပ်လိုလျှင်၊အောက်ပါနည်းလမ်းတခုခုကိုအသုံးပြုနိုင်ပါသည်။

(က) - ဥပဒေပုဒ်မ ၃၀၃-၃၄၁ အရကြားဖြန်စေ့စပ်မှု၌ပါဝင်ခြင်း

(ခ) - ဥပဒေပုဒ်မ ၃၀၃-၄၃၆ (ဝါ)၃၀၃-၄၄၁ကဲ့သို့ အကျုံးဝင်သောဥပဒေသတခုခုအရကြားနာစစ်ဆေးမှုကိုတောင်းဆိုနိုင်သည်။

(ဂ) - ဥပဒေပုဒ်မ ၃၀၃-၄၃၄ အရပြည်နယ်အစိုးရသို့မကျေနပ်စာပေးပို့ လျှောက်တင်နိုင်ပါသည်။

(ဃ) - ပြည်နယ်အစိုးရထုတ်ပြန်သော(လုပ်ရိုးလုပ်စဉ်မဟုတ်သောမကျေနပ်မှု)နည်းလမ်းကို၊ (က) (ခ) (ဂ) နည်းလမ်းများသုံးရန်တားဆီးမှုမရှိပါက သုံးနိုင်ပါသည်။

(င) - အဘိုးအခပေးမှုပေါ်လစီစနစ်ပါဝင်သောခလေးနှင့်မိသားစုအခွင့်အရေးမိတ္တူစာကို၊မိဘများအားပေးရပါမည်။

အခြားသောနည်းစနစ်များနှင့်ပတ်သက်သည့်သီတင်းအချက်အလက်များကိုခလေးနှင့်မိသားစုအခွင့်အရေးစာနှင့်မိသားစုအခွင့်အရေးနှင့်ကင်းဆပ်ပြည်နယ် ITS ၏မကျေနပ်မှုတိုင်ကြားခြင်းအဆင့်ဆင့်စာအုပ်ငယ်ထဲတွင်ဖေါ်ပြထားပါသည် ။

## မှတ်တမ်းများ။

မှတ်တမ်းများ 34 CFR 303.403-413

ဤကဏ္ဍတွင်၊အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကိုအသုံးပြုပါသည်။

(၁) "ဖျက်ဆီးခြင်း"ပုဂ္ဂိုလ်ရေးရာဇဝင်များကိုသီတင်းအချက်အလက်များထဲမှပုဂ္ဂိုလ်ရေးအကြောင်းအရာများမရှိတော့သည့်အထိထုတ်ပယ်ခြင်း။

(၂) အစောပိုင်းပါဝင်ကူညီမှုမှတ်တမ်းဆိုသည်မှာခလေး၏ကိုယ်ရေးရာဇဝင်အကြောင်းအရာအချက်အလက်များစုဆောင်းထိမ်းသိမ်းမှုသို့မဟုတ် အပိုင်း (ဂ)အရအသုံးပြုခြင်းနှင့်
(၃)ပါဝင်ပတ်သက်အေဂျင်စီဆိုသည်မှာ၊တစုံတဦးသော်၄င်း၊ကိုယ်ပိုင်အဖွဲ့ အစည်းတခုခုသော်၄င်းသီတင်းအချက်အလက်များစုဆောင်းထိမ်းသိမ်းမှုသို့မဟုတ်ပုဂ္ဂလိကအကြောင်းအရာသီတင်းများအသုံးပြုခြင်း၊သို့မဟုတ်အပိုင်း(ဂ)-အရ၄င်းအဖွဲ့ အစည်းမှသီတင်းအကြောင်းအရာရယူခြင်း၊၄င်းသည်အစောပိုင်းလွှဲပြောင်းရယူသောအကြောင်းအရာများနှင့်အပိုင်း(ဂ)၌[34 CFR 303-403(C)] အကြောင်းအချက်တို့ ကို(ထည့်ဝင်မှုမရှိခြင်း)ထုတ်ပယ်ခြင်းဖြစ်သည်။

မှတ်တမ်းများကိုစစ်ဆေးလေ့လာခြင်း 34 CFR

ဤစာရွက်စာတမ်းများမှာဖေါ်ပြသည့်ယုံကြည်စိတ်ချမှုနှင့်ကိုက်ညီသောသီတင်းရယူခြင်းနည်းနာအဆင့်ဆင့်အရ၊တန်ဘိုးဖြတ်ခြင်း၊စီစစ်ပိုင်းခြားခြင်း၊လေ့လာစီစစ်ခြင်း၊အကူအညီရသင့်မရသင့်ခြင်းအတွက်ဆုံးဖြတ်ခြင်း IFSP ကိုတိုးချဲ့ ခြင်းနှင့်အကောင်အထည်ဖေါ်ခြင်း၊အစောပိုင်းပါဝင်ပတ်သက်အကူအညီပေးခြင်း၊တဦးခြင်းခလေးနှင့်ပတ်သက်၍မကျေနပ်မှုသို့ မဟုတ်ခလေး၏အစောပိုင်းပါဝင်ပတ်သက်အကူအညီပေးခြင်း၏မှတ်တမ်း

ပါဝင်ပါသည်။သင့်ခလေးနှင့်ပတ်သက်၍အချက်အလက်များစုဆောင်းခြင်း၊ထိမ်းသိမ်းခြင်း၊သို့ မဟုတ် ဥပဒေအပိုင်း(ဂ)အရ၊အသုံးပြုခြင်းများကိုဒေသခံ Tiny-k အစီအစဉ်သည်သင့်အားစစ်ဆေးကြည့်ရှုခြင်းအခွင့်အရေးကိုအလုပ်လုပ်ရျိန်အတွင်းပေးရပါမည်။ဒေသခံ Tiny-k အစီအစဉ်သည်၊အစည်းအဝေးမတိုင်မီ၊သို့မဟုတ်ကြားနာစစ်ဆေးခြင်းမပြုမီ၊ကိုယ်ပိုင်မှတ်တမ်းနှင့်ပတ်သက်၍ပိုင်းခြားဝေဖန်ခြင်း၊နေရာချထားခြင်းသို့မဟုတ်သင်၏ခလေးနှင့်မိသားစုကိုအကူအညီပေးခြင်း၊အစောပိုင်းပါဝင်အကူအညီပေးမှု (KSITS)မှတ်တမ်းတွင်အောက်ပါတို့ ပါဝင်ပါသည်။

- သင့်တော်သောရှင်းလင်းချက်တောင်းဆိုမှုနှင့်အစောပိုင်းပါဝင်ပတ်သက်ကူညီမှုမှတ်တမ်းတို့ နှင့်ပတ်သက်၍ဒေသခံ Tiny-k အစီအစဉ်သည်၊အဖြေပေးရှင်းပြရန်၊သင့်အနေနှင့်တောင်းဆိုပိုင်ခွင့်ရှိပါသည်။

- အစောပိုင်းပါဝင်ပတ်သက်ကူညီမှုမှတ်တမ်းမိတ္တူများကိုတောင်းဆိုနိုင်သည်။
- သင်သဘောတူညီလက်မှတ်ရေးထိုးထားသောစာရွက်စာတမ်းများကိုသင့်အားကိုယ်စားပြုသူတဦးဦးကအစောပိုင်းပါဝင်ပတ်သက်ကူညီမှုမှတ်တမ်းများကိုစစ်ဆေးကြည့်ရှုနိုင်ပါသည်။
- ဒေသခံTiny-k အစီအစဉ်သည်၊သင့်အနေနှင့်၊သင့်ခလေးနှင့်ပတ်သက်သည့်မှတ်တမ်းမှတ်ရာများကိုစစ်ဆေးကြည့်ရှုရန်အခွင့်အရေးရှိကြောင်းယူဆသည်။ သို့ ပင်သော်ငြားလည်း၊ခလေးပိုင်ဆိုင်ခွင့်၊မွေးစားခွင့်၊ကြည့်ရှုစောင့်ရှောက်ခွင့်၊ပြတ်စဲခွင့်၊ကွဲကွာခွင့်စသောကင်းဆပ်အုပ်ချုပ်ရေးဥပဒေအရ၊စစ်ဆေးကြည့်ရှုခွင့်မရှိပါ။

  ဒေသခံ Tiny-k အစီအစဉ်တခုစီသည်၊စုဆောင်းသိမ်းဆည်းထားသော၊သို့ မဟုတ်အပိုင်း(ဂ)အရ၊မိဘများ ကြည့်ရှုခွင့်၊ ကြည့်ရှုရန်အခွင့်အရေးရရှိသည့်ကိုယ်စားလှယ်များနှင့်အလုပ်သမားများ KSITS အမှုဆောင်များနှင့်ဒေသခံ Tiny-k အစီအစဉ်များမှလွဲ၍၊စာရွက်စာတမ်းများဖြင့်ထိမ်းသိမ်းထားရမည်။၎င်းအထဲတွင်၊အောက်ပါအချက်အလက်များပါဝင်ပါသည်။
- ပါဝင်ပတ်သက်သူများအမည်
- ကြည့်ရှုစစ်ဆေးခွင့်ပြုသောနေ့ စွဲနှင့်
- စစ်ဆေးကြည့်ရှုသူများအား၊ခလေးနှင့်မှတ်တမ်းများကိုကြည့်ရှုစစ်ဆေးခွင့်ပြုသည့်ရည်ရွယ်ချက်၊

အစောပိုင်းပါဝင်ပူးပေါင်းကူညီမှုမှတ်တမ်းတွင်ခလေးတဦးထက်ပိုသည့်သီတင်းအချက်အလက်များပါဝင်လျှင်သင်နှင့်ပတ်သက်သည့်ခလေးသို့မဟုတ်သင်၏ခလေးနှင့်ပတ်သက်သည့်သီတင်းအချက်အလက်များသာလျှင်၊စစ်ဆေးကြည့်ရှုနိုင်သည်။ဒေသခံ Tiny-k အစီအစဉ်သည်၊သင်တောင်းဆိုလျှင်၊အစောပိုင်းပါဝင်ပူးပေါင်းကူညီမှုတွက်စုဆောင်းထားရှိပြီး Tiny-k အတွက်
အသုံးပြုသောအကြောင်းအချက်အမျိုးအစားနှင့်ထားရှိသောနေရာစာရင်းကိုပေးရမည်ဖြစ်ပါသည်။၎င်းမှတ်တမ်းများစစ်ဆေးကြည့်ရှုပိုင်ခွင့်ကို၊မိဘများကြည့်ရှုလေ့လာနိုင်ရန်၊ကူးထားသောမိတ္တူများကိုအဘိုးအခပေးပြီးရယူနိုင်ပါသည်။သို့ ပင်သော်ငြားလည်းအပိုင်း(ဂ)အရသီတင်းအချက်အလက်ရှာဖွေရန်ထုတ်ယူလိုလျှင်၊အဘိုးအခပေးရန်မလိုပါ။စစ်ဆေးလေ့လာခြင်း၊ခလေးနှင့်မိစားစုIFSPS သီတင်းအချက်အလက်များကို၊အစည်းအဝေးပြီးလျှင်အမြန်ဆုံးအဘိုးအခမဲ့မိတ္တူများကိုပေးရမည်ဖြစ်ပါသည်။

Amending Records(မှတ်တမ်းများပြုပြင်ခြင်း)303.410-412

KSITS အစောပိုင်းပါဝင်ပူးပေါင်းကူညီမှုတွက်စုဆောင်းထားရှိသောမှတ်တမ်းများကိုTiny-k အစီအစဉ် အပိုင်း(ဂ) အတွက်အသုံးပြုရာတွင်တိကျမှုမရှိသို့မဟုတ်သံသယရှိလျှင်သို့မဟုတ်သီတင်းလျှို့ ဝှက်ချက်ချိုးဖေါက်လျှင်၊သို့ မဟုတ်သင့်ခလေး၏အခြားသောအခွင့်အရေးများကိုထိပါးလျှင်ဒေသခံTiny-kအစီအစဉ်ကို၊သီတင်းအချက်အလက်များပြုပြင်ပြောင်းလဲပေးရန်တောင်းဆိုနိုင်ပါသည်။

သင့်တော်သောအချိန်အတိုင်းအတာအတွင်းတောင်းဆိုလာသောသီတင်းအချက်အလက်ပြုပြင်မှုများကိုသင့်တော်သောအချိန်အတွင်းပြုပြင်ရန်ဆုံးဖြတ်ရမည်ဖြစ်သည်။Tiny-k အစီအစဉ်အနေနှင့်သင်၏တောင်းဆိုချက်ကိုမလိုက်လျောနိုင်လျှင်သင့်အားစာနှင့်ရေး၍အသိပေးရပါမည်။ကြားနာစစ်ဆေးခွင့်ရှိကြောင်းလည်းအသိပေးရပါမည်။

တောင်းဆိုလာလျှင်Tiny-k အစီအစဉ်သည်၊အစောပိုင်းပါဝင်ပူးပေါင်းကူညီမှုအတွက်စုဆောင်းသောသီတင်းအချက်အလက်များသည်၊တိကျမှန်ကန်ကြောင်း၊ရှုပ်ထွေးမှုမဖြစ်စေကြောင်း သို့မဟုတ်ပုဂ္ဂိုလ်ရေးရာလျှို့

ဝှက်ချက်များသို့မဟုတ်ခလေးနှင့်မိဘတို့၏အခွင့်အရေးကိုချိုးဖောက်မှုမရှိကြောင်းကြားနာစစ်ဆေးမှုအခွင့်အရေးကိုပေးရပါမည်။

ကြားနာစစ်ဆေးပြီးနောက်ဒေသခံ Tiny-k အစီအစဉ်သည်၊သီတင်းအချက်အလက်များတိကျမှုမရှိ၊ရှုပ်ထွေးမှုသို့မဟုတ်ခလေးနှင့်မိဘတို့ ၏ပုဂ္ဂိုလ်ရေးလျှို့ ဝှက်ချက်များကိုချိုးဖေါက်မှုရှိသည်ဟုဆုံးဖြတ်လျှင်လိုအပ်သလိုပြင်ဆင်မှုများကိုပြုလုပ်ပြီးမိဘများအားစာအားဖြင့်အသိပေးရပါမည်။

ကြားနာစစ်ဆေးပြီးနောက် Tiny-k အစီအစဉ်သည် သီတင်းအချက်အလက်များတိကျမှန်ကန်မှုရှိခြင်း၊ရှုပ်ထွေးမှုမရှိခြင်းခလေးနှင့်မိဘတို့၏ပုဂ္ဂိုလ်ရေးရာလျှို့ ဝှက်ချက်နှင့်အခွင့်အရေးများချိုးဖောက်မှုမရှိလျှင်၊မိဘများ၏အခွင့်အရေးအရအစောပိုင်းပါဝင်ပူးပေါင်းကူညီမှုမှတ်တမ်းများနှင့်ပတ်သက်၍ Tiny-k ၏ဆုံးဖြတ်ချက်နှင့်သဘောမတူညီကြောင်းရေးသားတင်ပြနိုင်သည့်အခွင့်အရေးကိုမိဘတို့အားအသိပေးရပါမည်။

ဤလုပ်ဆောင်နည်းအရ၊ခလေး၏မှတ်တမ်း၌၊ရေးသားဖေါ်ပြထားသောအဓိပ္ပါယ်ရှင်းလင်းချက်သည်၊ Tiny-k လက်ဝယ်ရှိသမျှကာလပတ်လုံးအစောပိုင်းပါဝင်ပူးပေါင်းကူညီမှုမှတ်တမ်းများကို Tiny-k အစီအစဉ်၌ထိမ်းသိမ်းထားရပါမည်။

သင့်ခလေး၏အစောပိုင်းပါဝင်ပူးပေါင်းကူညီမှုမှတ်တမ်းများသို့မဟုတ်သင်သဘောတူသောအပိုင်းများကိုအခြားသူများအားကြည့်ရှုခွင့်ပြုလျှင်၊ထိုသူတို့အားရှင်းလင်းချက်ပေးရမည်။

ဤကဏ္ဍနှင့်ပတ်သက်၍ကြားနာစစ်ဆေးမှုကိုမိသားစုပညာရေး၊အခွင့်အရေးနှင့်လျှို့ ဝှက်ချက်အက်ဥပဒေ(FERPA)စည်းမျဉ်းစည်းကမ်း 34 CFR.99.22 နှင့်ကင်းဆပ်အုပ်ချုပ်ရေးဥပဒေများနှင့်အညီပြုလုပ်ဆောင်ရွက်ရပါမည်။

Confidentiality 34 CFR 303.401, 303.402 (ယုံကြည်စိတ်ချမှုဥပဒေ)

ပုဂ္ဂိုလ်ရေးသီတင်းအချက်အလက်ဖေါ်ထုတ်ခြင်းအဓိပ္ပါယ်မှာ၊အောက်ပါအချက်အလက်များပါဝင်ပါသည်။

- သင်၏ခလေးအမည်၊မိဘသို့မဟုတ်အခြားမိသားစုဝင်များ
- သင့်ခလေး၏နေရပ်လိပ်စာ
- ပုဂ္ဂိုလ်ရေးရာကိုဖေါ်ပြသောခလေးသို့မဟုတ်မိဘများ၏ဆိုရှယ်နံပါတ်များနှင့်
- ပုဂ္ဂိုလ်ရေးထူးခြားချက်များသို့မဟုတ်သေချာတိကျမှုဖြင့်
- ခလေး၏ကိုယ်ရေးရာဇဝင်ကိုဖေါ်ထုတ်နိုင်ရန်အထောက်အကူပြုခြင်း

အောက်ပါအချက်အလက်များကိုမဖေါ်ထုတ်မီမိဘတို့၏ခွင့်ပြုချက်ကိုရယူရပါမည်။

စစ်ဆေးခွင့်ရသောကိုယ်စားလှယ်များ၊ရုံးအရာရှိများသို့မဟုတ်အပိုင်း(ဂ)အရ Tiny-k အစီအစဉ်အတွက်သီတင်းအချက်အလက်စုဆောင်းမှု၊ထိမ်းသိမ်းမှု၊သို့မဟုတ်အပိုင်း-(ဂ)-အတွက်အသုံးပြုခြင်းကိုပြုလုပ်သောအလုပ်သမားများ၊မှတ်တမ်းတွင်ပါဝင်သောအပိုင်း(ဂ)သီတင်းအချက်အလက်နှင့် FERPA(34CFR9931)အရအခွင့်ရရှိခြင်း၊အခြားအကြောင်းအချက်အလက်ထက်အပိုင်း(ဂ)လိုလါးချက်နှင့်ကိုက်ညီသောရည်ရွယ်ချက်များအတွက်

CFR303.401(d)အရဒေသခံ Tiny-kအစီအစဉ်သည်ဒေသခံပညာရေးအေဂျင်စီနှင့်ပြည်နယ်ပညာရေးအေဂျင်စီသို့အောက်ပါ - ခလေးအမည်၊ခလေးမွေးနှစ်သက္ကရာဇ်၊မိဘဆက်သွယ်ရန်သီတင်းအချက်အလက်ဖြစ်သည့်အမည်၊လိပ်စာ၊တယ်လီဖုန်းနံပါတ်၊ဖေါ်ထုတ်ခြင်းသည်၊အကူအညီရသင့်သောခလေးတို့၏မှတ်တမ်းမှတ်ရာလိုအပ်ချက်ကိုပြည့်ဝစေရန်နှင့်မိဘများ၏ခွင့်ပြုချက်ကိုလိုအပ်မှုမရှိခြင်းနှင့်ကိုက်ညီရန်ဖေါ်ထုတ်ခြင်းဖြစ်သည်။

အောက်ပါလုံခြုံမှုအကာအကွယ်များကိုယုံကြည်စိတ်ချမှုနှင့်မှတ်တမ်းများကိုကာကွယ်မှုသေချာစိတ်ချမှုရှိစေရန်ထားရှိရပါမည်။

- ဒေသခံ Tiny-k အစီအစဉ်သည်ပုဂ္ဂိုလ်ရေးရာများကိုဖေါ်ထုတ်နိုင်သောသီတင်းအချက်အလက်များစုဆောင်းခြင်း၊ထိမ်းသိမ်းခြင်း၊အသုံးပြုခြင်း၊ထားသိုခြင်း၊ဖေါ်ပြခြင်းသို့မဟုတ်ဖျက်ဆီးခြင်းအဆင့်ဆင့်များ
- ဒေသခံ Tiny-k အစီအစဉ်တခုခြင်း၏ကြီးကြပ်ရေးမှူးများသည်၊ပုဂ္ဂိုလ်ရေးရာကိုဖေါ်ထုတ်သောသီတင်းအချက်အလက်များ၊ယုံကြည်စိတ်ချမှု၊လုံခြုံမှုရှိရန်သေချာစေရန်အတွက်ပြုလုပ်ကြီးကြပ်ရန်တာဝန်ရှိပါသည်။
- ပုဂ္ဂိုလ်ရေးရာသီတင်းအချက်အလက်များကိုစုဆောင်းသူများသို့မဟုတ်ပုဂ္ဂိုလ်ရေးရာကိုဖေါ်ထုတ်ရန်သီတင်း

အချက်အလက်ကိုအသုံးပြုသူများသည်၊ကင်းဆပ်ဥပဒေအပိုင်း(ဂ)ပေါ်လစီများနှင့် IDEA နှင့် FERPA(34 CFR 99.3)နှင့်ကိုက်ညီသောသင်တန်းနှင့်သင်ကြားမှုများကိုတက်ရောက်ရမည်ဖြစ်ပါသည်။

ဒေသခံ Tiny-k အစီအစဉ်တခုစီသည်၊ အများစစ်ဆေးကြည့်ရှုခြင်း၊ပုဂ္ဂိုလ်ရေးရာကိစ္စကိုဖေါ်ထုတ်နိုင်၊ သီတင်းအချက်အလက်များကို၊ ကြည့်ရှုပိုင်သောအေဂျင်စီအတွင်းရှိအလုပ်သမားများနှင့်သူတို့၏အမည်စာရင်းများကိုထားရှိရမည်ဖြစ်ပါသည်။

ဒေသခံ Tiny-k
အစီအစဉ်သည်အပိုင်း(ဂ)အရအသုံးပြုသောစုဆောင်းတားရှိသည့်ပုဂ္ဂိုလ်ရေးရာအချက်အလက်များကိုခလေးနှင့်မိသားစုအားအကူအညီပေးရန်လိုအပ်မှုမရှိတော့သည့်အခါမိဘများကိုအသိပေးရပါမည်။

မိဘများတောင်းဆိုလာလျှင်ထိုသီတင်းအချက်အလက်များကိုဖျက်ဆီးရပါမည်။(ခလေး၏အမည်၊မွေးနှစ်သက္ကရာဇ်၊မိဘများကိုဆက်သွယ်ရန်ဖြစ်သည့်၊လိပ်စာ၊ဖုံးနံပါတ်၊စာရင်းသွင်းသည့်နေ့စွဲ၊ပြီးဆုံးသည့်နေ့စွဲ၊အချိန်အကန်အသတ်မဲ့သိမ်းဆည်းထားနိုင်သည့်အမြဲတမ်းမှတ်တမ်းများ)

ပုဂ္ဂိုလ်ရေးကိုဖေါ်ထုတ်နိုင်သည့်သီတင်းအချက်အလက်များနှင့်ပတ်သက်သည့်ယုံကြည်စိတ်ချမှုရှိနိုင်သည့်အကြောင်းကိုပြည့်စုံစွာမိဘများအားဒေသခံ Tiny-k အစီအစဉ်တခုစီသည်အသိပေးရပါမည်။

## Dispute Resolution 345 CFR 303.430(အငြင်းပွါးမှုကိုဖြေရှင်းခြင်း)

ကင်းဆပ်ပြည်နယ်အငြင်းပွါးမှုဖြေရှင်းခြင်းအတွက်ရွေးချယ်စရာနည်းအမျိုးမျိုးအဖုံဖုံ၊

သင်၏သဘောမတူညီချက်များကိုသင်၏ဒေသခံ Tiny-k အစီအစဉ်အနေနှင့်ဖြေရှင်းရန်အားပေးပါသည်သို့ပင်သော်ငြားလည်း၊ Tiny-k အစီအစဉ်၏ပုဂ္ဂိုလ်ရေးရာသီတင်းအချက်အလက်များ၊စီစစ်ဝေဖန်ခြင်း၊သင့်ခလေးအားနေရာချထားခြင်း၊သင်၏ခလေးနှင့်သင်၏မိသားစုအားအကူအညီများကိုမကျေနပ်မှုများရှိပါလျှင် KDHE သို့ သင်၏စိုးရိမ်ပူပန်မှုများကိုတင်ပြရန်နည်းလမ်းအဆင့်ဆင့်ရှိပါသည်။ဤစိုးရိမ်ပူပန်မှုများကိုတင်ပြနိုင်ရန်

၁ - ပုံစံမကျသောမကျေနပ်မှုများတင်ပြခြင်း---နည်းမှန်လမ်းမှန်အတိုင်းမဟုတ်သောစိုးရိမ်ပူပန်မှုအချက်အလက်များဖေါ်ပြပြီး၊အလုပ်လုပ်ရက်-၁၀-ရက်မှ-၁၅-ရက်အတွင်းပြီးစီးခြင်း၊

၂ - ပုံစံကျသောမကျေနပ်မှုတင်ပြခြင်း---KDHE အဖွဲ့အစည်းသို့နည်းမှန်လမ်းမှန်အတိုင်းစာရင်းတင်ပြပြီး၊ပြက္ခဒိန်ရက်-၆၀-အတွင်းဖြေရှင်းပြီးစီးခြင်း၊

၃ - ကြားဖြန်ဖြေရှင်းခြင်း---ကြားနေစေ့စပ်သူနှင့်အစည်းအဝေးပြုလုပ်၍ပြဿနာကိုတင်ပြပြီးနှစ်ဦးနှစ်ဘက်လက်ခံနိုင်သောအဖြေကိုရှာဖွေရယူခြင်း၊

၄ - တရားဝင်ကြားနာစစ်ဆေးခြင်း---ကြားနေသူ(ကြားနာစစ်ဆေးခြင်းအရာရှိ) သည်တိုင်းကြားသူ၏တိုင်းကြားချက်နှင့်အခြားတဖက်၏လျှောက်လဲချက်ကိုကြားနာပြီးမည်သူမှန်သည်မှားသည်၊ပြဿနာကိုမည်ကဲ့သို့ဖြေရှင်းရမည်ကိုဆုံးဖြတ်ခြင်း။

ဤရွေးချယ်နိုင်သောနည်းလမ်းများကိုတောင်းဆိုနိုင်သောဖေါင်(Form)များသည်၊ဤကဏ္ဍ၏အဆုံးတွင်ရှိပါသည်။ ဖေါင်(Forms)များကို KSITS ဝက်ဘ်ဆိုက်(web-site)အောက်ပါလိပ်စာ http:/www.kcits.org မှထုတ်ယူနိုင်ပါသည်။ကြားနေဖြန်ဖြေသူသို့မဟုတ်တရားဝင်ကြားနာစစ်ဆေးခြင်းကိုတရားဝင်မကျေနပ်မှုတင်ပြတိုင်ကြားသောအချိန်၌တောင်းဆိုနိုင်ပါသည်။

## မကျေနပ်မှုတိုင်ကြားခြင်းများ - 34 CFR 303.433,434

တရားမဝင်သောတိုင်ကြားမှုကိုပြုလုပ်လိုလျှင် - KSITS-SERVICES at KDHE မှာဖေါင်(Form)များကိုတောင်းဆိုနိုင်ပါသည်။ကျွန်တော်တို့၏အဖွဲ့ ဝင်တဦးဦးနှင့်ဆက်သွယ်ရန် 1-800-332-6262 နံပါတ်ကိုဖုံးဆက်နိုင်ပါသည်။

- တရားဝင်တိုင်ကြားခြင်း။ ပုဂ္ဂလိကသို့ မဟုတ်အဖွဲ့ အစည်းတခုခု၊အခြားပြည်များမှပုဂ္ဂိုလ်များအပါအဝင်၊အမှုကိုဖွင့်နိုင်ပါသည်။အပိုင်း(ဂ)အစီအစဉ်၏လိုအပ်ချက်များကိုချိုးဖေါက်သော KDHE,KSITS ကိုအရေးယူရန်အတွက်စာရွက်စာတမ်းများကိုတင်လျှောက်ထားရပါမည်။

- တိုင်ကြားချက်များထဲတွင်၊အောက်ပါအချက်အလက်မျးားပါဝင်ပါသည်။
- * အပိုင်း(ဂ)၏လိုအပ်ချက်များကိုချိုးဖေါက်သောKDHE, KSITS သို့ မဟုတ်ဒေသခံ Tiny-K အစီအစဉ်

- သို့မဟုတ်ဒေသခံ Tiny-k အကူအညီပေးသူတို့နှင့်ပတ်သက်၍ရေးသားဖေါ် ပြချက်၊
- *တိုင်ကြားချက်အခြေခံသည့်အကြောင်းအရာနှင့်ပတ်သက်၍ရေးသားဖေါ် ပြချက်၊
- *အမှုကိုတိုင်ကြားဖွင့်ဆိုသူ၏လက်မှတ်နှင့်ဆက်သွယ်ရန်ဖုံးနံပါတ်၊ လိပ်စာ

ဤချိုးဖေါက်မှုသည်ခလေးတဦးတယောက်နှင့်ပတ်သက်လျှင်၊ခလေး၏အမည်၊နေရပ်လိပ်စာ၊ဒေသခံ Tiny-k ၏အမည်၊ခလေးကိုအကူအညီပေးသောသူ၏အမည်၊ခလေး၏ပြသနာနှင့်ပတ်သက်သည့်ရေးသားဖေါ်ပြချက်၊ ခလေး၏ပြသနာနှင့်ဆက်နွယ်သောအကြောင်းအချက်များ၊ပြသနာတင်လျှောက်ချိန်၌ပြသနာဖြေရှင်းချက်အတိုင်းအတာတို့ပါဝင်ရပါမည်။

မကျေနပ်ချက်ကိုKDHE နှင့်အမှုဖွင့်သည့်အချိန်၌တိုင်ကြားချက်မိတ္တူစာကိုဒေသခံ Tiny-k အစီအစဉ်နှင့်အကူအညီပေးသူများသို့ ပို့ဆောင်ရပါမည်။

ကျွန်ုပ်အနေနှင့်တိုင်ကြားချက်များကိုတရားဝင်အမှုဖွင့်ပြီးသည့်အခါမည်ကဲ့သို့ ဖြစ်လါမည်နည်း၊

မိဘနှင့်တတ်ကျွမ်းမှုဆိုင်ရာအကူအညီပေးသူများသည်၊တိုင်ကြားမှုပြသနာ၊ဖြေရှင်းမှုအဆင့်တိုင်း၌အဆက်အသွယ်ပြုရန်အရေးကြီးကြောင်းသတိရကြရပါမည်။သို့မှသာပြသနာကိုကျေနပ်နှစ်သိမ့်မှုအပြည့်အဝဖြင့်ဖြေရှင်းနိုင်ရန်ပို၍အထောက်အကူဖြစ်မည်။

- သင်၏ခွင့်အရေးနှင့်ပတ်သက်သည့်သီတင်းအချက်အလက်များကိုသင့်အားပို့ပေးရပါမည်၊
- နောက်ထပ်တက်လှမ်းရမည့်အဆင့်ကိုသင့်အားအသိပေးရပါမည်၊
- သင်၏မေးခွန်းသို့မဟုတ်သိလိုသောအကြောင်းအရာများကိုဖြေကြားပေးရပါမည်၊
- ဤလုပ်ရပ်အဆင့်ဆင့်ကို Kansas Infant-Toddler Services ကကြီးကြပ်ရပါမည်။

Kansas Infant-Toddler Services သည်၊သဘောတူညီချက်ရပြီးနောက်ပိုင်း၊အားလုံးသောသဘောတူညီချက်များပြီးစီးပြည့်စုံမှုရရန်၊ဆက်လက်ပြီးလုပ်ဆောင်သွားမည်ဖြစ်သည်။

သင်၏ခလေးအနေဖြင့်ပြသနာမရှိသောအကူအညီများ၌ဆက်လက်အကူအညီရရှိပါမည်။

Formal Complaints တရားဝင်မကျေနပ်မှုတိုင်ကြားခြင်းများ။ ။မကျေနပ်မှုများကိုတရားဝင်တိုင်ချက်ဖွင့်ပြီး KDHE သို့ ပြသနာတက်ပြီးတနှစ်အတွင်းပေးအပ်ရပါမည်။ KDHE သည်တိုင်ချက်များကိုရပြီးရက်ပေါင်း ၆၀ အတွင်း၊

- တိုင်ကြားချက်များကိုစစ်ဆေးရမည်။ လိုအပ်ပါလျှင်ဘက်လိုက်မှုမရှိသောကြားနေအဖွဲ့အစည်းများဖြင့်၊ပြသနာဖြစ်သောနေရာ၌စစ်ဆေးကြားနာမှုကိုပြုလုပ်နိုင်သည်။
- ပြသနာကျေအေးရေးအကြံပြုမှုအပါအဝင်ဒေသခံTiny-k programအားပြန်လည်တုံ့ ပြန်မှုကိုပေးရပါမည်။
- သီတင်းအချက်အလက်များကိုစစ်ဆေးကြည့်ရှုပြီးနောက်အပိုင်း (ဂ)လိုအပ်ချက်ကိုချိုးဖေါက်မှုမရှိသောဘက်လိုက်မှုမရှိသည့်ကြားနေဖြန်ဖြေမှုကိုပေးရပါမည်။
- တိုင်ကြားသူအားတိုင်းကြားချက်တခုစီနှင့်ပတ်သက်၍ဆုံးဖြတ်ချက်ကိုစာရွက်စာတမ်းအားဖြင့်အသိပေးရမည်။စာရွက်စာတမ်းထဲတွင်၊ခိုင်လုံသောအချက်အလက်များ၊နိဂုံးချုပ်အချက်အလက်များနှင့်နောက်ဆုံးဆုံးဖြတ်ချက်အကြောင်းရင်းများပါဝင်ရပါမည်။
- ဤပြသနာတခုခြင်းအတွက်သို့မဟုတ်နှစ်ဦးနှစ်ဘက်ကြားဖြန်စေ့စပ်မှုအတွက်အချိန်အပိုင်းအခြားတိုးချဲ့နိုင်သည်
- KDHE ၏နောက်ဆုံး၊ဆုံးဖြတ်ချက်နည်းလမ်းများ၌၊စက်မှုအတတ်ပညာဆိုင်ရာလုပ်ဆောင်မှုတွက်အထောက်အကူများ၊စေ့စပ်ဆွေးနွေးခြင်းနှင့်သဘောတူညီမှုရရှိရန်၊အမှားပြုပြင်မှုများပါဝင်ရပါမည်။
- မကျေနပ်ချက်များနှင့်ပတ်သက်၍နှုတ်အားခြင့်သော်၎င်း၊စာပေနှင့်သော်၎င်း၊တိုင်ကြားချက်ဖွင့်သောပုဂ္ဂိုလ်တဦးခြင်းသို့မဟုတ်အဖွဲ့အစည်းတခုခုအား၊ထပ်မံဖြည့်စွက်မှုများရှိပါက၊ဖြည့်စွက်ခွင့်ပေးရမည်။နိဂုံးချုပ်ဆုံးဖြတ်ချက်တွင်သင့်တော်လိုအပ်သောအကျိုးဆောင်လုပ်ငန်းများပေးဆောင်မှုမရှိလျှင် KDHE အနေနှင့်အောက်ပါကိုဖေါ်ပြရပါမည်။

- အကူအညီပေးမှုကိုငြင်းဆန်မှုအပါအဝင်၊သင့်တော်သောလျော်ကြေးပေးမှုသို့မဟုတ်ခလေးနှင့်မိသားစုလိုအပ်မှုအရ၊သင့်တော်သောပြုပြင်ပြောင်းလဲမှုတို့ကိုမည်ကဲ့သို့ပြုပြင်မည်ကိုဖေါ်ပြရပါမည်။
- ထို့ပြင်မွေးခါစခလေးနှင့် ၃-နှစ်အောက်ခလေးများ၊မသန်မစွမ်းခလေးများနှင့်မိသားစုလိုအပ်ချက်များသင့်တော်သလိုပြုပြင်မှုများကိုနောင်အချိန်အခါ၌ပေးဆောင်ရပါမည်။
- တရားဝင်တိုင်ကြားစာရရှိပြီးကြားနာစစ်ဆေးမှုအကြောင်းအရာနှင့်ပတ်သက်လျှင် သို့မဟုတ်ပြဿနာများစွာပါဝင်ပြီးတခုသို့မဟုတ်တခုထက်မကပိုသောအကြောင်းအရာများတရားဝင်ကြားနာစစ်ဆေးမှုတွင်ပါဝင်လျှင်၊ KDHE သည်ကြားနာစစ်ဆေးခြင်းပြီးသည့်အထိ၊ကြားနာစစ်ဆေးခြင်းတွင်ပါဝင်သောတိုင်ကြားချက်တို့ကိုချန်လှပ်ထားနိုင်သည်။ကြားနာစစ်ဆေးခြင်းတွင်မပါသောပြဿနာများကိုရက်ပေါင်း-၆၀-အတွင်းအထက်ဖေါ်ပြပါကာလအပိုင်းအခြားနှင့်ပတ်သက်သည့်လုပ်ဆောင်နည်းအဆင့်ဆင့်အတိုင်းပြုလုပ်ညှိနှိုင်းစေ့စပ်ကျေလည်စေရပါမည်။

နှစ်ဦးနှစ်ဘက်ပါဝင်သောဘက်မလိုက်ကြားနာစစ်ဆေးခြင်း၏ဆုံးဖြတ်ပြီးသောအမှုများ၊၎ငျးစစ်ဆေးပုံစစ်ဆေးနည်းတွင်မပါဝင်မစဉ်းစားနိုင်ပါ။ KDHE သည်တိုင်ကြားသူများအားကြားနာဆုံးဖြတ်ခြင်း၌ဆက်လက်ပြီးပတ်သက်ထိရောက်မှုရှိပါသည်။ အေဂျင်စီတခုအနေနှင့်ပြုလုပ်သင်ကြား၊ကြားနာစစ်ဆေးခြင်းအဆင့်ဆင့်ကိုပြုလုပ်ခြင်းမရှိဟူသောစွဲဆိုချက်ကို KDHE အနေနှင့်ဖြေရှင်းရပါမည်

တွေ့ရှိချက်များနှင့်၊ကြားနာစစ်ဆေးရေးအရာရှိထုတ်ပြန်သောဆုံးဖြတ်ချက်ကို၊အရေးနိမ့်သည့်ဘက်မှပြည်နယ်သို့မဟုတ်နိုင်ငံတော်ခုံရုံးသို့တင်လျှောက်အရေးဆိုနိုင်ပါသည်။

## Mediation (ကြားဝင်ဖြန်ဖြေမှု) 34 CFR 303.431

Mediation ခေါ်ကြားဝင်ဖြန်ဖြေမှုသည်၊အပိုင်း(ဂ)အတွက်၊သဘောမတူညီချက်ကို၊ဖြေရှင်းရန်အခွင့်အရေးကိုဖန်တီးသည့်ဆွေးနွေးတွေ့ဆုံခြင်းဖြစ်ပြီးပါဝင်သူများ၏ကိုယ့်စိတ်ကိုယ့်သဘောအရလွှတ်လပ်သောလိုလားချက်အတိုင်းဖြစ်ပါသည်။ကြားဝင်ဖြန်ဖြေမှုကို၊တစ်စုံတစ်ဦးသော်လည်းကောင်း၊အဖွဲ့အစည်းတစ်စုံတစ်ခုသော်လည်းကောင်း၊၎င်းကဏ္ဍ၏နောက်ပိုင်းတွင်ပါသောလျှောက်လွှာကိုတင်လျှောက်ခြင်းဖြင့်တောင်းဆိုနိုင်ပါသည်။အေဂျင်စီအနေနှင့်ကြားနာစစ်ဆေးခြင်းကိုမပြုလုပ်ကြောင်းအငြင်းပွါးချက်ကို KDHE မှဖြေရှင်းပေးရပါမည်။

Mediation ဆိုသည်မှာ၊ကြားနေသူပါဝင်ပြီး၊ပြဿနာအားလုံးနှင့်ပတ်သက်၍ပြောဆိုဆွေးနွေးကာ၊နှစ်ဦးနှစ်ဘက်ကျေလည်လက်ခံနိုင်သောအဖြေရလဒ်ဖေါ်ဆောင်ရရှိခြင်းဖြစ်သည်။ကြားဝင်ကြားနာစစ်ဆေးဖြန်ဖြေသူသည်

- ဘက်လိုက်မှုမရှိသူ - အေဂျင်စီမှငှါးရမ်းသောအလုပ်သမားမဟုတ်ရ၊သူ၏တရားစီရင်မှုနှင့်ဆန့်ကျင်မည့်ပုဂ္ဂိုလ်ရေးသော်လည်းကောင်း၊လုပ်ငန်းအရသော်လည်းကောင်း၊ကိုယ်ရေးကိုယ်တာကိစ္စကိုလစ်လျူရှုသူ၊ကြားနာသူအဖြစ်အဘိုးအခရရှိသော်လည်း၊အလုပ်သမားတဦးဟုယူဆ၍မရသူဖြစ်ရပါမည်။

- ထိရောက်သောကြားနာစစ်ဆေးမှုဆိုင်ရာနည်းပညာရပ်များ၌၊သင်တန်းတက်ပြီး၊ကြားနာစစ်ဆေးမှုတွင်ကျွမ်းကျင်မှုနှင့်အရည်အချင်းရှိသူ၊
- တရားဥပဒေကိုနားလည်ပြီး၊အစောပိုင်းပါဝင်ပတ်သက်ကူညီမှုစည်းမျဉ်းစည်းကမ်းကိုနားလည်သူ၊
- အစီအစဉ်မရှိဘဲ၊အလှည့်ကျသော်လည်းကောင်း၊ဘက်မလိုက်မှုကိုအခြေခံသည့်ဆွဲခန့်စနစ်ဖြင့်ခန့်အပ်သူ၊
- ကြားဖြန်ကြားနာစစ်ဆေးမှုသည် ၇-ရက်အတွင်းအစည်းအဝေးတောင်းဆိုခြင်း(KDHB သည် KSITS သို့ပို့သည်) သဘောတူညီသည့်စာရွက်စာတမ်းများအပါအဝင်တောင်းဆိုမှုလက်ခံကိုရရှိပြီးရက်ပေါင်း-၃၀-အတွင်းလက်ခံကိုပေးအပ်ခြင်း၊တရားဝင်ကြားနာစစ်ဆေးမှုပြုလုပ်နေဆဲဖြစ်လျှင်၊ကြားနေကြားနာစစ်ဆေးမှုကို၊ပြီးပြည့်စုံရမည့်အချိန်အကန့်အသတ်သည်-၁၅-ရက်ဖြစ်ပြီးကြားနာခြင်းတွက်လုံလောက်သောအချိန်ကိုပေးရမည်။နှစ်ဦးနှစ်ဘက်သဘောတူလျှင်၊အချိန်အပိုင်းအခြားကိုတိုးချဲ့နိုင်ပါသည်။

ကြားဖြန်ကြားနာစစ်ဆေးမှုအတွက်သိသင့်သိထိုက်သောအချက်များ၊

- ကိုယ့်အလိုအလျောက်ဆန္ဒအရဖြစ်ပြီး၊နှစ်ဦးနှစ်ဖက်စလုံးသဘောတူလက်ခံခြင်း၊
- တရားဝင်ကြားနာစစ်ဆေးခွင့်အပါအဝင်၊အခြားအခွင့်အရေးများနှင့်ရရှိပြီးအကူအညီနှောင့်နှေးခြင်း၊ငြင်းပယ်ခြင်းစသည့်အနှောင့်အယှက်များမရှိခြင်း

- KDHE မှကုန်ကျသည့်အဘိုးအခကိုပေးဆောင်ရမည်။
- နှစ်ဦးနှစ်ဝအဆင်ပြေသောနေရာ၌ကျင်းပခြင်း၊

ကြားဖြန်အစည်းအဝေး၌ဆွေးနွေးသောအကြောင်းအချက်များကိုနှုတ်ပိတ်ရေငုံထားရမည်။နောက်ပိုင်းပြုလုပ်သောတရားဝင်ကြားဖြန်ကြားနာစစ်ဆေးခြင်း၌သို့မဟုတ်တရားရေးတွက်ဆက်လက်လုပ်ဆောင်မှုမျိုး၌သက်သေအထောက်အထားအဖြစ်အသုံးမပြုနိုင်ပါ။အစီအစဉ်တစ်ခုကိုအစမပြုမီနှစ်ဦးနှစ်ဖက်ပါဝင်သူများအားလုံးဂတိကဝတ်ပြုလက်မှတ်ရေးထိုးရပါမည်။

ကြားဖြန်ကြားနာခြင်းအဆုံး၌၊ကြားဖြန်ဖြေရှင်းမှုကိုသဘောတူ(သို့မဟုတ်သဘောမတူ)လက်မှတ်ထိုးပြီး၊သဘောတူလက်မှတ်ရေးထိုးသောစာရွက်စာတမ်းမိတ္တူများကိုရရှိရပါမည်။သဘောတူလက်မှတ်ရေးထိုးသောစာရွက်စာတမ်းများသည်ဥပဒေအရအကျိုးသက်ရောက်ပြီး၊ပြည်နယ်တရားရုံးသို့မဟုတ် US တရားရုံးဥပဒေ 34 CFR 303.431(b) (6).မျိုး၌အသုံးပြုနိုင်ပါသည်။

ကြားဖြန်ကြားနာမှုသည်၊သင့်အားတရားဝင်လုပ်ဆောင်နိုင်သောလမ်းစဉ်ကိုထိခိုက်မှုမရှိပါ။ကြားဖြန်ဖြေရှင်းမှုနှင့်တရားဝင်ကြားနာစစ်ဆေးခြင်းကိုတပြိုင်တည်းတောင်းဆိုနိုင်ပါသည်။

Due Process 34 CFR 303, 435-438 (ဖေါ်ပြပါဥပဒေနှင့်အညီကြားနာမှုအဆင့်ဆင့်)

ဘက်မလိုက်သောတရားဝင်ကြားနာခြင်းသည်၊ဘက်မလိုက်သောအရာရှိကပြုလုပ်သောတရားဝင်အစီအစဉ်ဖြစ်ပြီး၊တရားဝင်ကြားနာစစ်ဆေးမှုကိုလိုလားသောမိသားစုများ၊ဒေသခံTiny-k အကျိုးဆောင်၏ဆုံးဖြတ်ချက်၊ KDHE ၏အစပျိုးမှုသို့ မဟုတ်သီတင်းအထောက်အထားများပြောင်းလဲမှု၊ပိုင်းခြားဝေဖန်သုံးသပ်မှု၊မွေးခါစခလေးသို့မဟုတ်လမ်းလျှောက်ခါစခလေးအားနေရာချထားမှု၊ထိုမွေးခါစသို့မဟုတ်လမ်းလျှောက်ခါစခလေးအားကူညီမှုပြောင်းလဲခြင်း၊အစရှိသည်များမှရွေးချယ်စရာရှိပါသည်။တရားဝင်ကြားနာခြင်းကိုလိုလားသောမိသားစုများ၊ဤကဏ္ဍ၏အဆုံး၌ရှိသောဖောင်(လျှောက်လွှာ)များကိုဖြည့်စွက်ပြီးတင်လျှောက်တောင်းဆိုနိုင်ပါသည်။

သတိပြုရန်-အပိုင်း(ဂ)Infant-Toddler Coordinator
KDHE-Kansas Infant-Toddler Services
1000 SW Jackson,Suite-220
Topeka, Kansas 66612-1274

KDHE အနေနှင့်အယူခံဝင်စာကိုရရှိသောအချိန်မှရက်ပေါင်း-၃၀-အတွင်း၊ဘက်မလိုက်သောတရားဝင်ကြားနာမှုကိုပြုလုပ်ပြီးစီးရမည်။ စာရွက်စာတမ်းဖြင့်ဆုံးဖြတ်ချက်ကိုရေးသားဖေါ်ပြရမည်။(ကြားဖြန်ခြင်းပြုလုပ်လိုပါကရက်၃၀-အတွင်းပြုလုပ်ရမည်။)

ဘက်မလိုက်သောအရာရှိများအားတရားဝင်ကြားနာစစ်ဆေးမှုများကိုကြားနာရန်ခန့် အပ်ရမည်။ကြားနာစစ်ဆေးရေးအရာရှိများသည်၊အပိုင်း(ဂ)အရအကူအညီပေးမှုနှင့်ခလေးများ၏မိသားစုများအားအစောပိုင်းပါဝင်ပတ်သက်အကူအညီပေးခြင်းလိုအပ်မှုကိုသိနားလည်ထားရမည်။ကြားနာစစ်ဆေးရေးအရာရှိများရှောင်ရှားရမည့်အချက်အလက်များမှာ-

- ခလေး၏အစောပိုင်းအကူအညီများကိုပေးဆောင်ခြင်းနှင့်ပါဝင်ပတ်သက်သောအလုပ်သမားများမဖြစ်ရ၊
- အေဂျင်စီမှမကျေနပ်မှုကိုဖြေရှင်းရန်အစီအစဉ်အတွက်အဘိုးအခပေးပြီးငှါးရမ်းသူ၊
- ကြားနာခြင်းအစီအစဉ်နှင့်ပဋိပက္ခဖြစ်နိုင်သောပုဂ္ဂိုလ်ရေးသော်လည်းကောင်း၊လုပ်ငန်းမျှော်မှန်းချက်ကိုရှေ့တန်းတင်သူ၊

ကြားနာစစ်ဆေးသူအရာရှိများအောက်ပါတာဝန်များကိုထမ်းဆောင်ရပါမည်။

- တရားဝင်တိုင်ကြားချက်များကိုဆီလျော်သောရှုဒေါင့်ဖြင့်တင်ပြချက်ကိုကြားနာခြင်း၊ပြဿနာနှင့်ဆီလျော်သောသီတင်းအချက်အလက်များကိုကြည့်ရှုစစ်ဆေးခြင်း၊တရားဝင်တိုင်ကြားချက်များကိုအချိန်မီဖြေရှင်းခြင်းနှင့်
- ပေးကမ်းသောလုပ်ဆောင်မှုအဆင့်ဆင့်မှတ်တမ်း၊ဆုံးဖြတ်ခြင်းမှတ်တမ်းစာရွက်စာတမ်းအပါအဝင်အအကုန်အကျစရိတ်များကိုပြည်နယ်အစိုးရမှစါးရိတ်စားခများကိုပေးဆောင်ခြင်း၊

ဥပဒေအပိုင်း(ဂ)အရဘက်မလိုက်ကြားနာစစ်ဆေးခြင်းနှင့်ဤလုပ်ရိုးလုပ်စဉ်နည်းလမ်းများ၌အောက်ပါအခွင့်အရေးများရှိပါသည်။

- အကြံအဉာဏ်ပေးသူနှင့်အတူ၊ပေးသည့်အကြံအဉာဏ်နှင့်အစောပိုင်းပါဝင်ပတ်သက်ကူညီမှုအစီအစဉ်ကိုနားလည်သူသို့ မဟုတ်သင်တန်းတက်ဘူးသူ၊
- အထောက်အထားများကိုတင်ပြပြီးရင်ဆိုင်ခြင်း၊တရားလိုတရားခံနှစ်ဦးနှစ်ဘက်သက်သေများအားအပြန်အလှန်စစ်ဆေးမေးမြန်းခြင်း၊သက်သေများအားမကွက်မပြက်ကြားနာစစ်ဆေးခြင်းကိုတက်ရောက်စေခြင်း

  ကြားနာခြင်းမပြုမီ၊၅-ဂုက်ကြိုပြီးသင့်အားအသိမပေးသည့်အထောက်အထားကိုတင်ပြရန်ကန့်ကွက်ခြင်း
- အခမဲ့သင့်အားကြားနာခြင်း၌လက်ရေးနှင့်တလုံးချင်းရေးထားသောစာရွက်စာတမ်းများကိုရရှိစေခြင်းနှင့်တွေ့ ရှိချက်အချက်အလက်မိတ္တူနှင့်ဆုံးဖြတ်ချက်များကိုသင့်အားအခမဲ့ပေးခြင်း၊

ဤလုပ်ရိုးလုပ်စဉ်နည်းလမ်းတွင်၊ဘက်မလိုက်ကြားနာစစ်ဆေးရေးအစီအစဉ်(သို့ မဟုတ်ပတ်သက်သည့်လုပ်ဆောင်ချက်များ)သင့်အတွက်အဆင်ပြေမည့်အချိန်နှင့်နေရာတွင်ပြုလုပ်ရမည်။ သင်၏တိုင်ကြားချက်များကို KDHE ရရှိပြီးနောက် ၃၀ - ရက်ထက်နောက်မကျဘဲ၊ဘက်မလိုက်ကြားနာစစ်ဆေးခြင်းကို ပြီးမြောက်အောင် ပြုလုပ်ရမည်။ရေးသားထားသောဆုံးဖြတ်ချက်များကိုပြသနာတွင်ပါဝင်ပတ်သက်သည့်သူနှစ် ဦးနှစ်ဘက်ထံစာတိုက်ဖြင့်ပို့ရမည်။ တဘက်ဘက်မှတောင်းဆိုလာလျှင်ကြားနာစစ်ဆေးရေးအရာရှိသည်၊ ၃၀-ရက်ထက်ပိုသောအချိန်အကန့်အသတ်တိုးမြှင့်ခြင်းကိုပေးရမည်။တွေ့ ရှိချက်များနှင့်ဘက်မလိုက်ကြားနာဆုံးဖြတ်ချက်များ၊တဘက်ဘက်မှမကျေနပ်မှုမရှိလျှင်၊ပြည်နယ်သို့မဟုတ်နိုင်ငံတော်ခုံရုံးသို့တင်ပြနိုင်သည့်အခွင့်အရေးရှိသည်။

- တိုင်ချက်နှင့်ပတ်သက်သော လုပ်ဆောင်မှုများဆက်လက်ပြုလုပ်ချိန်၌၊ဒေသခံ Tiny-k အစီအစဉ်နှင့်သင်တို့သဘောမတူညီခဲ့လျှင်၊သင့်ခလေးနှင့်သင့်မိသားစုသဘောတူညီပြီးသားအစောပိုင်းကူညီမှုများ၊ IFSP အစီအစဉ်အရ ဆက်လက်အကူအညီရမည်ဖြစ်ပါသည်။
- တိုင်ချက်တွင်အစောပိုင်းပါဝင်ပတ်သက်ကူညီမှုများပါဝင်လျှင်၊သင့်ခလေးနှင့်မိသားစုတို့အား၊ပြသနာပါဝင်ပတ်သက်မှုမရှိသောအကူအညီများကိုဆင်လက်ရရှိစေမည်ဖြစ်ပါသည်။

Surrogate Parents 34,CFR 303-422(မိဘကိုယ်စားများ)

ကင်းဆပ်ပြည်နယ်တွင်၊မိဘကိုယ်စားသို့မဟုတ်မိဘအစားထိုးများကိုခလေး၏ရှေ့နေသို့မဟုတ်ကိုယ်စားများဟုခေါ်ဝေါ်သဘောထားကြပါသည်။

ခလေး၏ရှေ့နေသည်မိဘတိုင်းရရှိသည့်အခွင့်အရေးမျိုးရရှိပြီးအပိုင်း(ဂ)နှင့်ပတ်သက်သောအရာများတွင်ကိုယ်စားပြုနိုင်ပါသည်။

ခလေး၏မိဘကိုယ်စား(ရှေ့နေ)ခန့်အပ်ရသည့်အကြောင်းရင်းများမှာ၊

- ခလေး၏မိဘအစစ်အမှန်များကိုဖေါ်ထုတ်၍မရသောအခါ
- ဒေသခံ Tiny-k အစီအစဉ်အနေဖြင့်အတတ်နိုင်ဆုံးကြိုးစားသော်လည်းမိဘများမည်သည့်နေရာတွင်ရှိသည်ကိုဆုံးဖြတ်၍မရသောအခါ၊
- ခလေးသည်၊ ကင်းဆပ်ဥပဒေအရ၊ကင်းဆပ်ပြည်နယ်အုပ်ချုပ်မှုအောက်တွင်ရှိနေသောအခါ၊ခလေး

(Infant)၏ကိုယ်စား(ဝါ)ရှေ့နေများသည်၊ KDHE ငှါးရမ်းသော Families Together, Inc. အဖွဲ့ အစည်းမှရွေးချယ်ပါသည်။ Families Together, Inc. အဖွဲ့ သည်ပြည်သူ့ အေဂျင်စီမှခလေးသည်၊ကိုယ်စားလည်လိုအပ်ကြောင်းဆုံးဖြတ်လျှင်၊ ၃၀-ရက်မတိုင်ခင်ခလေးအတွက်ရှေ့နေကိုအတတ်နိုင်ဆုံးသေချာအောင်ပြုလုပ်ခန့်အပ်ရပါမည်။ Families Together, Inc. အဖွဲ့ သည်မွေးစားခလေးများကြည့်ရှုထိန်းသိမ်းသောအဖွဲ့ နှင့်ပူးပေါင်း၍ထိုသီးခြားခလေးအနေနှင့်ရှေ့နေလိုအပ်ကြောင်းဆုံးဖြတ်ရပါမည်။ Infant-toddler ။ ပြသနာ ကိုကိုင်တွယ်သောတရားသူကြီးသည်ပြည်နယ်ထိန်းသိမ်းမှုအောက်တွင်ရှိသောထိုခလေးအတွက်ရှေ့ နေခန့် အပ် နိုင်ပါသည်။

ခလေး၏ရှေ့နေသည်အောက်ပါလိုအပ်ချက်များနှင့်ပြည့်စုံရပါမည်။

- သူကိုယ်စားပြုသောခလေး၏ကိစ္စဝစ္စနှင့်ဆန့် ကျင်သောကိုယ်ရေးကိုယ်တာကိစ္စဝစ္စများမရှိရ၊
- ခလေးအားပြည့်ပြည့်ဝဝကိုယ်စားပြုနိုင်ရန်အသိတရားနှင့်ကျွမ်းကျင်မှုရှိရမည်။
- ပြည်နယ်အေဂျင်စီအလုပ်သမားမဟုတ်ရ၊ KSITSအတွက်အလုပ်လုပ်သူ၊သို့မဟုတ် KSITS ဆိုင်ရာအအကူအညီများ၊ပညာရေး၊ကြည့်ရှုရေး သို့မဟုတ် ခလေးအားအကူအညီများ၊အကူအညီပေးသူများ၊သို့မ

ဟုတ်ခလေး၏မိသားစုဝင်တစ်ဦးမဖြစ်စေရ၊(ဤအစီအစဉ်အရခလေး၏ကိုယ်စားရှေ့နေအရည်အချင်းရှိသူသည်ပြည်သူ့ အေဂျင်စီနှင့်အစောပိုင်းပါဝင်ကူညီပေးမှုများအဖွဲ့ ထံမှရှေ့နေဖြစ်ရန်အဘိုးအခရရှိသောအလုပ်သမားသာဖြစ်သည်။)

အပိုင်း(ဂ)မွေးစမှသုံးနှစ်အထိခလေးများအားအကူအညီလုပ်ငန်းများ
တရားဝင်တိုင်ကြားမှုတွက်တောင်းဆိုခြင်း

မသန်စွမ်းသောခလေးမိဘတဦးဦးအခြားပုဂ္ဂိုလ်တဦးဦး၊သို့ မဟုတ် KS Part C ခလေးငယ်များအားအကူအညီပေးမှုလုပ်ငန်းတွင်အယုံအကြည်ရှိသောအေဂျင်စီသို့ မဟုတ်အဖွဲ့ အစည်းတခုခု သို့ မဟုတ်မသန်မစွမ်းသူပညာရေးအက်ဥပဒေလိုက်နာရန်မလိုအပ်သောပြည်နယ်နှင့်အစိုးရဥပဒေကိုလိုက်နာရန်မလိုအပ်သောဒေသခံအစီအစဉ်တခုခု သို့ တရားဝင်တိုင်ကြားအမှုဖွင့်နိုင်သည်။ဤတိုင်းကြားချက်ကိုစာပေဖြင့်ရေးသားရမည်။ လက်မှတ်ရေးထိုးရမည်။ စာတိုက်ဖြင့်ပို့ဆောင်ရမည်။ သို့ မဟုတ်ကိုယ်တိုင် Part C Infant-Toddler Services at Kansas Dept. of Health & Environment,(KDHE) သို့ပို့ရမည်။ KDHE သည်တိုင်ကြားသူအားထပ်ဆင့်ပြီးသီတင်းအချက်အလက်များကိုနှုတ်အားဖြင့်သော်လည်းကောင်း၊တိုင်ကြားချက်နှင့်ဆက်နွယ်သောအကြောင်းအရာများကိုစာအားဖြင့်သော်လည်းကောင်းတင်ပြရန်အခွင့်အရေးပေးရမည်။တိုင်ကြားစာ၏မိတ္တူကို Infant-toddler program အေဂျင်စီသို့ မဟုတ်တိုင်ကြားမှုတွင်ပါဝင်သည့်အဖွဲ့ အစည်းသို့ ပေးအပ်ရမည်။

တရားဝင်စစ်ဆေးမှုအတွက်တောင်းဆိုရာတွင်အောက်ပါအချက်အလက်များပါဝင်ရပါမည်။

တရားဝင်တိုင်ကြားချက်ဖွင့်သောပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့ အစည်း၏အမည်၊နေရပ်လိပ်စာ၊တယ်လီဖုံးနံပါတ်၊

အမည်-
နေရပ်လိပ်စာ-
မြို့ ၊ပြည်နယ်၊Zip Code-
တယ်လီဖုံးနံပါတ်-
E-mail-

ဒေသခံ Infant-Toddler Program အမည်၊လိပ်စာသို့ မဟုတ်အခြားတိုင်ကြားခံရသော Part C Public Agency
အမည်-
နေရပ်လိပ်စာ-
မြို့၊ပြည်နယ်၊ Zip Code-
တယ်လီဖုံးနံပါတ်-

ပါဝင်ပတ်သက်သောခလေး၏အမည်နှင့်အိမ်လိပ်စာ၊
ခလေး၏အမည်-
အိမ်လိပ်စာ-
မြို့ ၊ပြည်နယ်၊Zip Code-

ဤစာမျက်နှာတွင်သင်၏မကျေနပ်ချက်များကိုဖေါ်ပြပါ။သင်၏မကျေနပ်ချက်အရင်းအမြစ်ကိုဖြစ်ပေါ်စေသောအချက်အလက်များကိုဖေါ်ပြပါ။တင်ပြသောသီတင်းအချက်အလက်များတွင်မည်သည့်အချိန်တွင်မကျေနပ်မှုကိုဖြစ်ပေါ်စေသည်၊မည်သူကြောင့်၊သို့ မဟုတ်ပြဿနာများဖြစ်ပေါ်စေသောအခြေနေများပါဝင်ရမည်။ Part C, Public Agency နှင့်ပြဿနာအဖြေရှာခြင်း၊သို့ မဟုတ်တင်ပြသောအဖြေ (လိုအပ်လျှင်စာရွက်များထပ်မံပူးတွဲတင်ပြရမည်)

သင်၏မကျေနပ်စာတွင်အောက်ပါအချက်အလက်များပါဝင်ရမည်။(လိုအပ်လျှင်ဖြည့်စွက်စာရွက်များကိုထပ်မံပူးတွဲတင်ပြရပါမည်။)

- သင်၏မကျေနပ်ချက်နှင့်ပတ်သက်သောအချက်အလက်များ၊

- ဖြစ်ရပ်မှန်များမှာအဘယ်အရာများနည်း
- ဒေသခံအဆင့်၌ပြဿနာအဖြေရှာဖွေရန်အဘယ်ခြေလှမ်းအဆင့်ဆင့်ကိုပြုလုပ်ပါသနည်း။

လက်မှတ်ရေးထိုးထားသောတိုင်ကြားစာများကိုရရှိချိန်၌ကင်းဆပ် Part C စီမံခန့် ခွဲရေးမှူးသည်၊စစ်ဆေးမှုကိုပြုလုပ်ပြီးတိုင်ကြားချက်ကိုပြုလုပ်သောပုဂ္ဂိုလ်သို့မဟုတ်အေရှင်စီအဖွဲ့ အစည်းနှင့်အတိုင်ကြားခံရသော Part C Agencyသို့တွေ့ ရှိချက်များကိုစာအားဖြင့်အသိပေးရမည်။တဖက်ဖက်မှဆုံးဖြတ်ချက်ကိုအယူခံမဝင်လျှင်ဤတွေ့ ရှိဆုံးဖြတ်ချက်ကိုအသိပေးခြင်းသည်နောက်ဆုံးအဆင့်ဖြစ်သည်။တရားလိုတရားခံတဖက်ဖက်မှတင်ပြသောတွေ့ ရှိဆုံးဖြတ်ချက်များကိုမကျေနပ်ကြောင်းအယူခံဝင်လိုလျှင် Kansas Department of Health and Environment စာရေးသားတင်ပြရပါမည်။

________________________________ __________________

အယူခံသူ(ဝါ)မကျေနပ်မှုကိုလျှောက်တင်သူ၏လက်မှတ် နေ့ စွဲ